ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (4-12-2011) (၆၉၆၃)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# စာရင်းဇယားများအရ နှစ်ဖက်ကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိနေသေးသည်ကို တွေ့ရမည် မြန်မာနိုင်ငံတွင် နိုင်ငံပေါင်း ၃၁ နိုင်ငံမှ ဒေါ်လာ ၃၆ ဒသမ ၀၇ ဘီလီယံဖိုး ရင်းနှီးမြှုပ်နှံလျက်ရှိရာ ပိုမိုတိုးတက်ရန် မျှော်လင့်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

# လာမည့်နှစ်အနည်းငယ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အဆ ၅၀ အထိ တိုးတက်လာနိုင် မိမိတို့နိုင်ငံ၏ လယ်ထွန်စက်တည်ဆောက်ရေးကုမ္ပဏီသည် မြန်မာနိုင်ငံနှင့် ပူးတွဲလုပ်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိ

ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်

နေပြည်တော် ဒီဇင်ဘာ ၃

**ပထမအကြိမ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်တို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကြသည်။**



အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ-ဘယ်လာရုစ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် သံတမန်ဆက်သွယ်မှု စတင်ပြီးနောက်တွင် အဆွေတော် ဝန်ကြီးချုပ်၏ ခရီးစဉ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ ပထမဦးဆုံး အစိုးရအဖွဲ့အကြီးအကဲ ခရီးစဉ်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် ပထဝီအနေအထားအရ ကွာဝေးသော်လည်း အဆွေတော်၏ ခရီးစဉ်အပြီးတွင် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးကို ရည်ရွယ်ပြီး ပြုလုပ်သည့် ယနေ့ဆွေးနွေးပွဲမှ ကောင်းမွန်သောရလဒ်များရရှိပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ချစ်ကြည်မှုနှင့် နားလည်မှု ပိုမိုတိုးတက်လာမည် ဖြစ်ပါကြောင်း။

အဆွေတော် ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း စီးပွားရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံအစိုးရများအချင်းချင်း ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို **စာမျက်နှာ ၄ ကော်လံ ၁ သို့❖**



**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပထမအကြိမ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ စီးပွားရေးဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ကြေးမုံ စာ တ ည်း ရှု ထော င့်

၄-၁၂-၂၀၁၁ [တနင်္ဂနွေနေ့]။

# ပြောင်းလဲလာမည့် ပညာရေးကဏ္ဍသစ်

"စိန်ခေါ်မှုကြီးကြီးမားမားရှိလေ စုပေါင်းအားထုတ်မှု များများလိုလေ"ဖြစ်သည်။ မြန်မာနိုင်ငံ၏ မျက်မှောက်ကာလ၌ ပညာတတ်လူ့စွမ်းအားအရင်းအမြစ် များများလိုအပ်နေပါသည်။ ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ တိုးလာမည်ဖြစ်၍ ပြည်ပနှင့်ရင်ပေါင်တန်းကာ လုပ်နိုင်ကိုင်နိုင်ရန်အတွက် လူငယ်ပညာတတ်အရင်းအမြစ်များ များစွာလိုအပ်ပါသည်။ လိုအပ်နေသော ပညာတတ်စိန်ခေါ်မှုကွက်လပ်ကို ဖြည့်စွမ်းပေးရန်အတွက် ယနေ့ ပညာရေးကဏ္ဍပြောင်းလဲမှုအသစ်တစ်ရပ်ကို ကြိုဆိုလိုက်ပါသည်။

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် အသိပညာရှင် အတတ်ပညာရှင်များ အခန်းကဏ္ဍသည် အဓိကကျသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် ပဓာနကျသော မဏ္ဍိုင် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပညာရေးသည် အကြီးမားဆုံး အရင်းအနှီးဖြစ်သည်။ နိုင်ငံ့အားကို အားကိုးအားထားပြုနေရုံဖြင့်မပြီး အားလုံးဝိုင်းလုပ်ကြဖို့ လိုသည်။ မိဘလည်း မိဘအလျောက်၊ ဆရာလည်း ဆရာအလျောက်၊ ကျောင်းသားလည်း ကျောင်းသားအလျောက်၊ အဖွဲ့အစည်းများကလည်း အဖွဲ့အစည်းများအလျောက် ဝိုင်းလုပ်ကြဖို့ လိုသည်။ မကောင်းသေးလျှင် ပြင်မည်။ ကောင်းလျှင် ဆက်လုပ်သွားမည်။

ယနေ့အနာဂတ်ပညာရေးကို တစ်ဆစ်ချိုးပြောင်းလဲလိုက်သည်။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ထုတ်ပြန်ပြီးနောက် အားလုံးဝိုင်းလုပ်ကြမည်။ တစ်ချိန်ကလည်း ကိုယ်ပိုင်ကျောင်းဟုခေါ်သည့် အလွတ်ပညာသင်ကျောင်းရှိခဲ့ဖူးသည်။ အကြောင်းကြောင်းကြောင့် ရပ်ဆိုင်းခဲ့ရသည်။ ထိုကာလက ပညာတတ်များမှာ အရည်အချင်းပြည့်ပြည့်ဝဝ။ ယခု ကျွန်ုပ်တို့ ပြန်စကြမည်။ ပညာရေးအလွှာ ကွာဟမှုမဖြစ်ဖို့တော့လိုသည်။ လူတန်းစားတစ်ရပ်သာ သင်ယူနိုင်သည့် ပညာရေးမဖြစ်ဖို့လိုသည်။ အားလုံးပါဝင်တက်နိုင်သည့် သင့်တင့်မျှတသော အခကြေးငွေဖြစ်ဖို့လိုသည်။ ဝန်ဆောင်မှုကောင်းခြင်းကို လက်ခံပါသည်။ အလွှာတစ်ရပ်မဖြစ်ဖို့လိုသည်။ ကျူရှင်မဟုတ်သည်ကိုလည်း ခွဲခြားသိဖို့လိုသည်။

တစ်ဖက်ကမြင့်လျှင် တစ်ဖက်ကမနိမ့်ဖို့လိုသည်။ ဘုန်းတော်ကြီးသင်နှင့် စေတနာကျောင်းများကို ဝိုင်းဝန်းကူညီထောက်ပံ့ဖို့လိုသည်။ အစိုးရကျောင်းများကလည်း လိုက်မီအောင် အားထုတ်ကြိုးစားဖို့၊ ပညာရေးကဏ္ဍမြင့်တင်ပေးဖို့ လိုသည်။ သတိထားရမည်မှာ ဝန်ဆောင်မှုလုပ်ငန်းဖြစ်၍ အမြတ်အစွန်းသာကြည့်သည့် စီးပွားရေးသမားများ ရောက်လာတတ်သည်။ ပညာရေးကို ခုတုံးလုပ်၍ စီးပွားတက်အောင် မလုပ်မိဖို့လိုသည်။ 'သမဇီဝိတတာ' မျှတစွာအသက်မွေးမှုပြုဖို့လိုသည်။ ပညာပေးဝေခြင်းသည် မြတ်သော မင်္ဂလာဖြစ်သည်။ ပညာပေးဝေသူအားလုံး၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ကျောင်းသား၊ ကျောင်းသူများအားလုံး အရည်အချင်းပြည့်ဝသော ပညာတတ်များဖြစ်လာဖို့ ဖြစ်သည်။ ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်လွန်းလျှင် ရေရှည်တည်တံ့သောအဖွဲ့အစည်း ဖြစ်မလာပါ။

ကြိုဆိုရမည့် ပညာရေးစနစ်တစ်ခုမှ ဆရာကောင်း၊ သမားကောင်းများ ပေါ်ထွက်လာမည်မှာ ဝမ်းသာစရာ။ ချောင်းပစ်၍ မြစ်ကိုတော့ မရှာသင့်။ အတန်းအောင်ရုံသာ ဦးတည်ချက်မထားဘဲ စည်းကမ်းလိုက်နာတတ်သော၊ ပြည်သူ့နီတိကိုနားလည်သော၊ ကာယ၊ ဉာဏ၊ စာရိတ္တ မြင့်မားသော ကျောင်းသားများပေါ်ထွက်အောင် လုပ်ပေးဖို့လိုပါသည်။ မိမိကျောင်းမှ ထူးချွန်သူ များများထွက်ဖို့၊ ကျောင်းနာမည်ကောင်းရဖို့ထက် အရည်အချင်းပြည့်ဝသော သားကောင်းရတနာ များများပေါ်ထွက်ဖို့ လိုပါသည်။ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာပြီး လူ့စွမ်းအားအရင်းအမြစ်များများ ပေါ်ထွက်လာရေးဦးတည်သည့် အရှည်တည်တံ့သော ကိုယ်ပိုင်ပညာရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာရေးကို အားပေးပါသည်။ ။

# ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများ တိုးတက်များပြား

**ရန်ကုန် ဒီဇင်ဘာ ၃**

တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း အပူဇော်ခံလျက်ရှိရာ (၁၂)ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှ ညနေပိုင်းအထိ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ အထူးစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။



ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ယနေ့သည် ရုံးပိတ်ရက်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ကြသကဲ့သို့ ရန်ကုန်မြို့မှ ပြည်သူများ၊ ဝန်ထမ်းများလည်း အစုအဖွဲ့လိုက်လည်းကောင်း၊ မိသားစုလိုက်လည်းကောင်း မြတ်စွယ်တော်အား လာရောက်ဖူးမြော်၍ အလှူဒါနပြုကာ ကုသိုလ်ယူကြရာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖူးမြော်သူ ၆၃၀၉၂ ဦး ဖြစ်သည်။

အလှူခံဌာနများ ဖွင့်လှစ်အလှူခံလျက်ရှိရာ ဝိဇယမင်္ဂလာမွေသဘင်ခန်းမ၌ ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များဖြစ်ကြသော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်-ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစုက ငွေကျပ် ၇၀၅၀၀၀၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်-ဇနီး ဒေါ်မြင့်သန်း မိသားစုနှင့် ဦးသန်းညိန်း-ဥက္ကဋ္ဌ(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)နှင့် ဇနီး ဒေါ်ခင်သွယ်သွယ်မြင့် (ညွှန်ကြားရေးမှူး-ငြိမ်း) မိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မူလဆယ်တောင်ပြည့်ဆရာတော်ကြီးအား အမှူးထား၍ ကုမုဒြာဓမ္မရိပ်သာ စင်ကာပူအဖွဲ့က ငွေကျပ် ၇၉၄၈၂၀ နှင့် စင်ကာပူဒေါ်လာ ၁၀၀၊ ဦးဇော်ဇော်-ဇနီး ဒေါ်ဌေးဌေးခိုင်၊ သမီး အိမ့်မှူးဇော်၊ သား ရဲမာန်ဇော် (ဧရာဝတီဘဏ်လီမိတက်) မိသားစုက ငွေကျပ် သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ် ငါးသိန်း၊ ပုသိမ်မြို့နေ ဒေါ်လှိုင်မြင့်(မြေး) မောင်မင်းမင်းသန့် မိသားစုက ငွေကျပ် သုံးသိန်း အပါအဝင် အလှူရှင် ၃၀၂ ဦးတို့က စုစုပေါင်း ငွေကျပ် ၁၃၇၁၀၉၄၈၀ ကို လှူဒါန်းကြပြီး တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေ ကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ပန်းချီဆရာကြီး ဦးလွန်းကြွယ်-ဇနီး ပန်းချီ လွန်းမြမြ၊ သား-ပန်းချီ လွန်းသစ်၊ သမီးချွေးမ-ပန်းချီ လွန်းကျော်ရည်၊ မြေး-လွန်းပန်းချီ၊ လွန်းမိုးယံ မိသားစုက ငွေကျပ် ၇၁၁၀၀၀ တန်ဖိုးရှိ စိန် ၁၈ ပွင့် မြတစ်ပွင့်ပါ ရွှေလက်စွပ်နှင့် ရွှေနားကပ် တစ်ရန်၊ အင်းစိန်မှ ဦးစိုးဝင်း- ဒေါ်ကြင်သန်း မိသားစုက ငွေကျပ် ၁၁၄၃၀၀၀ တန်ဖိုးရှိ ပုလဲ ၃၅ ပွင့်ပါ ရွှေဆွဲကြိုး တစ်ကုံး၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ကြည်စိန် (ငြိမ်း)-ဒေါ်အေးအေးမြင့် မိသားစုက ငွေကျပ် ၅၄၇၀၀၀ တန်ဖိုးရှိ ရွှေကြယ်သီး တစ်စုံ၊ တောင်ကြီးမြို့နေ ဒေါ်နန်းကေသီနှင့် ဒေါ်နန်းအေးအေးသန်းတို့က ငွေကျပ် ၆၃၂၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်ကောက် တစ်ကွင်း၊ ရွှေလက်ဆွဲ တစ်ရန်၊ အောင်လံမြို့နေ ဦးအောင်မြင့်-ဒေါ်ခင်စော (စိန်ကြယ်ဇမ္ဗူရာဇ်ရွှေဆိုင်)မှ ငွေကျပ် ၅၀၉၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းလက်ကောက် တစ်ကွင်း၊ ကျောက်နီဆွဲကြိုး တစ်ကုံး၊ ကျောက်ဖြူရွှေနားကပ် တစ်ရန်၊ သန်လျင်မြို့နေ ဒေါ်နုယဉ်က ငွေကျပ် ၄၆၀၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ် တစ်ကွင်းနှင့် ကျောက်ဖြူနားကပ် တစ်ရန်၊ ဦးမြသူဇော်-ဒေါ်ခင်နှင်းကြည် မိသားစုက ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ မြတ်ပုလဲ တစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်နှင့် ရွှေလက်စွပ် တစ်ကွင်း၊ ဦးသိန်းကျော်အား ရည်စူး၍ ဒေါ်သန်းရှင်မိသားစုက ငွေကျပ် ၇၄၀၀၀၀ တန်ဖိုးရှိ ရွှေကလစ် တစ်ခု၊ နီလာကျောက် တစ်ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ပတ္တမြား ငါးပွင့်၊ စိန်ခုနစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ ဦးရဲရင့်ထွန်း-ဒေါ်စိုးစိုးစံ မိသားစုက ငွေကျပ် ၁၆၈၈၀၀၀ တန်ဖိုးရှိ ပတ္တမြား ရှစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ အနက်ရောင် ကျောက်တစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ ပုလဲ ၁၃ ပွင့်ပါ ရွှေလက်ကောက်ပျော့ တစ်ခု၊ ပုလဲဆွဲကြိုး တစ်ကုံး၊ ဦးကျော်သန်း-ဒေါ်တင် မိသားစုက ငွေကျပ် ၁၂၇၁၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက် နှစ်ကွင်း၊ ဦးအောင်မြင့်-ဒေါ်ခင်ခင်ပုတို့အား ရည်စူး၍ ဗိုလ်မှူးချုပ် စိုးဝင်း-ဒေါ်ဖြူဖြူမြင့် မိသားစုက ငွေကျပ် ၂၃၀၀၀၀၀ တန်ဖိုးရှိ စိန် ၇၂ ပွင့်ပါ ရွှေဆွဲသီးနှင့် ရွှေဆွဲကြိုး တစ်ကုံး၊ ကျောက်ရေတွင်းမှ ဒေါ်ခင်စန်းကြည်က ငွေကျပ် ၁၄၇၅၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုး တစ်ကုံး၊ မှော်ဘီမှ ဦးသန်းတင်-ဒေါ်အေးမေ(သစ္စာအောင်မြေရွှေဆိုင်)က ငွေကျပ် ၂၉၀၀၀၀၀ တန်ဖိုးရှိ ပတ္တမြား ၁၂၈ ပွင့်ပါ ရွှေလည်ဆွဲ တစ်ကုံး၊ ပတ္တမြား ၇၀ ပွင့်ပါ ရွှေလက်ကောက် တစ်ကွင်း၊ ပတ္တမြား ၃၅ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ပတ္တမြား ၁၆ ပွင့်စီပါ ရွှေနားကပ် တစ်ရန် အပါအဝင် လှူဒါန်းပစ္စည်း ၇၆၂ ခုတို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဒီဇင်ဘာ ၂ ရက် ညနေမှ ယနေ့ ညနေ ၆ နာရီအထိ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၂၃၁၄၁၅၀၈၀ ၊ ရွှေငွေ ကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် ၉၄၃၀၅၆၀၀၊ အမေရိကန်ဒေါ်လာ ၃၇၀၄၊ စင်ကာပူဒေါ်လာ ၁၇၃ နှင့် ယူရို ၂၅ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၂၀၀ | ၀. ၀၃၂၄၅ |
| တရုတ် (ယွမ်) | ၆. ၃၅၉၅၀ | ၀. ၁၅၇၂၅ |
| အိန္ဒိယ (ရူပီး) | ၅၁. ၀၇၅၀ | ၀. ၀၁၉၅၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၈၀၀ | ၀. ၃၁၉၆၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၄၇၆ | ၀. ၇၇၈၃၆ |
| ဂျပန် (ယန်း) | ၇၇. ၉၈၇၀ | ၀. ၀၁၂၈၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၈. ၀၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၄၆၀၁ | ၁. ၃၄၀၄၇ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၀၂ | ၁. ၅၆၀၀၁ |

***အင်တာနက်။***

## မင်္ဂလာချိန်ခါ ပြန်လာသင့်ပြီ သူငယ်ချင်း

သူငယ်ချင်းရေ
❖ ကြည့်လိုက်စမ်းပါ၊ ဒို့ပြည်သာဝယ်
ရောင်ဝါထိန်လင်း၊ ဖလ်နေမင်းနယ်
ဝင်းလင်းတောက်ပ၊ ရှင်တော်ကြွသို့
တုပမမီ၊ မွှေ့စုံကြည်ပျော်
မြတ်စွယ်တော်သည်၊ ဒို့ပြည်ကြွလုမ်း
ရောင်တော်လွှမ်းပြီ၊ ပြည်သူအားလုံး
ရွှင်ပြုံးငြိမ်းချမ်း စေပြီပေါ့။
❖ စွယ်တော်ကြွလာ၊ ဒီချိန်ခါဝယ်
ဓမ္မာစက်ဘုန်း၊ တန်ဆောင်မုန်းမို့
ဖုံးတုန်းလုံးတုန်း၊ ကောက်နံ့လုံးတို့
စုရုံးတိုးထွက်၊ ပြည့်အသက်မို့
ဖြည့်စွက်ကြီးထွား၊ ပင်စပါးလည်း
ငွားငွားစွင့်စွင့်၊ စွမ်းကုန်ပွင့်ပြီ
ဒို့ပြည်ဝပြော စေပြီပေါ့။
သူငယ်ချင်းရေ
❖ ဒီလိုချိန်ခါ၊ မင်္ဂလာဝယ်
ပြည်သာဖို့ရေး၊ မင်းတွေးလှည့်ပါ
ခါခါဖိတ်ခေါ်၊ နိုင်ငံတော်က
ရင်မှသားရင်း၊ မေတ္တာနှင်းလျက်
ရိုင်းပင်းကူညီ၊ သွေးချစ်သည်မို့
တိုင်းပြည်အကျိုး၊ ဆတိုးရှက်ဆောင်
ဒို့ပြည်ထောင်ရေး၊ ညီနောင်သွေးချင်း
လက်တွဲရင်းဖြင့်၊ ရိုင်းပင်းချီတက်
ခရီးဆက်ရန်၊ အချိန်တန်ပေါ့
ပြန်လာသင့်ပြီ သူငယ်ချင်း။ ။

**မောင်လှသိန်း(သူရဲသမိန်)**

## အဂ္ဂမဟာပဏ္ဍိတဆရာတော်နှစ်ပါး ပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သက်တော်ထင်ရှား တိုက်ပိုင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍဝံသာဘိဝံသနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ပညာဇောတ ဆရာတော် နှစ်ပါးတို့အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ရွှေဟင်္သာတောရကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအနေဖြင့် ဥက္ကဋ္ဌဦးစိုးသိမ်း ဖုန်း-၅၇၇၆၇၂၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကျော် ဖုန်း-၀၉-၅၁၁၄၁၂၅၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၇၃၀၃၇၄၉၆၊ အတွင်းရေးမှူး ဦးစံမြိုင် ဖုန်း-၀၉-၇၃၀၃၁၇၆၈နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်ဆွေသိန်း ဖုန်း-၅၁၈၁၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အကျဉ်းသား ၃၅ ဦးအား ပြစ်ဒဏ်မှလျှော့ပေါ့ပြီး လွတ်ငြိမ်းသက်သာခွင့်ပေးကာ ပြည်နှင်ဒဏ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံသို့ မကြာမီလာရောက်မည့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်၏ ခရီးစဉ်ကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရ၏ မေတ္တာရပ်ခံချက်အရ လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူမှုရေးအရ ငဲ့ညှာသောအားဖြင့်လည်းကောင်း မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အကျဉ်းသား ၃၅ ဦးအား ဒီဇင်ဘာ ၁ ရက်တွင် ပြစ်ဒဏ်မှလျှော့ပေါ့ပြီး လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဘယ်လာရုစ်နိုင်ငံက မြန်မာပြည်သူများနှင့် အစိုးရတို့ ရွေးချယ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး လမ်းကြောင်းကိုလေးစားပြီး နိုင်ငံတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ဆောင်ချက်များကို ကြိုဆိုထောက်ခံ

နေပြည်တော် ဒီဇင်ဘာ ၃

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။**

အဆိုပါ ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

ယင်းနှစ်နိုင်ငံပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ခရီးစဉ်အတွင်း ထုတ်ပြန်သည့် နှစ်နိုင်ငံပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး လာရောက်ခဲ့သည်။

၂။ ခရီးစဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်သည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

၃။ တွေ့ဆုံဆွေးနွေးမှုများကို နှစ်ဖက်နွေးထွေးခင်မင်စွာဖြင့် ကျင်းပခဲ့သည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံရှိရင်းစွဲ ဆက်ဆံရေးအပေါ် အသေးစိတ်အပြုသဘောဆောင် ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်စေမည့် အလားအလာများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အရေးကိစ္စများအပေါ်တွင်လည်း နှစ်နိုင်ငံခေါင်းဆောင်များမှ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

၄။ ယခုခရီးစဉ်အတွင်း အောက်ဖော်ပြပါ သဘောတူညီချက်များကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊

(ခ) နှစ်နိုင်ငံသံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအကြား ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်ပေးရေး သဘောတူညီချက်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်- လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီးဌာနတို့အကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်- ပညာရေးဝန်ကြီးဌာနနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံနားလည်မှုကို တည်ဆောက်နိုင်ခဲ့ပြီး အောက်ဖော်ပြပါ နယ်ပယ်များတွင် ထိတွေ့ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

### နှစ်နိုင်ငံဆက်ဆံရေး

၆။ နှစ်နိုင်ငံအကြား သံတမန်စတင်ထူထောင်ခဲ့သည့် လွန်ခဲ့သည့် (၁၂)နှစ်တာကာလမှစ၍ ထိရောက်သည့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်နိုင်ခဲ့သည့်အတွက် နှစ်ဖက်စလုံးမှ များစွာနှစ်ထောင်းအားရဖြစ်မိကြောင်းနှင့် အပြန်အလှန်လေးစားမှုနှင့် သာတူညီမျှရှိမှုအပေါ် အခြေခံသည့် နိုင်ငံရေးဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လိုသည့် ဆန္ဒရှိမှုကိုလည်း အတည်ပြုပြောကြားခဲ့သည်။ နှစ်နိုင်ငံအကြား တည်ရှိနေသည့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများအပေါ်တွင် ထိရောက်စွာ အသုံးမချရသေးသည်ကို နှစ်ဖက်စလုံးမှ သတိပြုမိကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး၏ ဘက်ပေါင်းစုံ၌ နိုင်ငံရေးအခြေခံကောင်းများ ခိုင်မြဲစေရေးအတွက် အဆင့်မြင့်ပုဂ္ဂိုလ်ကြီးများ၏ အပြန်အလှန် ခရီးစဉ်များကို ပုံမှန်ပြုလုပ်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။

၇။ ပြီးပြည့်စုံသော တရားနည်းလမ်းကျမှုတသည့် ဆက်ဆံရေးကို ထူထောင်ခြင်းဖြင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ထင်ရှားသည့် ဖြစ်ပေါ်တိုးတက်မှုများကို ဖြစ်ပေါ်၊ မြင့်တင်နိုင်မည်ဟု နှစ်ဖက်စလုံးမှ ယုံကြည်သည့်အလျောက် နှစ်နိုင်ငံသဘောတူစာချုပ်များကို တိုးမြှင့်ချုပ်ဆိုသွားရန် အစွမ်းကုန်အားပေးသွားရန် သဘောတူညီခဲ့ကြသည်။

### နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေး

၈။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၏ အရေးပါသောနယ်ပယ်အဖြစ် မှတ်ယူနိုင်သည့် နှစ်နိုင်ငံလွှတ်တော်များအကြား တိုက်ရိုက်ထိတွေ့ဆက်ဆံမှု မြှင့်တင်သွားရေးကို နှစ်ဖက်စလုံးမှ ကြိုဆိုခဲ့ကြသည်။

၉။ နှစ်နိုင်ငံအနေဖြင့်သော် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ မူဘောင်အောက်မှသော်လည်းကောင်း အပြန်အလှန်ခရီးစဉ်များ စီစဉ်ခြင်း၊ ချစ်ကြည်ရေးအဖွဲ့များတည်ထောင်ခြင်း၊ လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုအသက်ဝင်ပြီးဖြစ်သည့် ဥပဒေများ၊ အတည်ပြုမည့်ဥပဒေများနှင့် ညှိနှိုင်းဆွေးနွေးရေးဆွဲလျက်ရှိသည့် ဥပဒေများနှင့်ပတ်သက်၍ ပုံမှန်သတင်းအချက်အလက် ဖလှယ်နိုင်ရန်စီစဉ်ခြင်း စသောလွှတ်တော်များအကြား တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်ကို ထူထောင်ရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။

၁၀။ နှစ်နိုင်ငံစလုံးမှ ဥပဒေပြုပုဂ္ဂိုလ်များသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် ဥပဒေအခြေခံကောင်းများ တည်ဆောက်သွားမည်ဖြစ်သည့်အတွက် ယင်းတို့၏ ဆောင်ရွက်မှုများကို ချီးကျူးဂုဏ်ယူကြောင်း အသိအမှတ်ပြုခဲ့သည်။

### စက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

၁၁။ နှစ်နိုင်ငံအကြား စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သင့်သော အလားအလာကောင်းသည့်နယ်ပယ်အဖြစ် နှစ်ဖက်စလုံးမှ မှတ်ယူကြသည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းဌာနများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဘယ်လာရုစ်နိုင်ငံမှ အင်ဂျင်များ၊ စိုက်ပျိုးရေးဆိုင်ရာ စက်ကိရိယာများနှင့် လယ်ထွန်စက်များ တပ်ဆင်ထုတ်လုပ်နိုင်မည့် ဖြစ်နိုင်ခြေအား ဆက်လက်လေ့လာသွားမည်ဖြစ်သည်။

၁၂။ ကနဦးအနေဖြင့် ဘယ်လာရုစ်နိုင်ငံမှ မြန်မာနိုင်ငံအား မင့်ခ်စ်ထွန်စက်လုပ်ငန်းမှ ထွန်စက်များ၊ မင့်ခ်စ် မော်တော်ယာဉ်စက်ရုံမှ ထရပ်ကားများ၊ မင့်ခ်စ်အင်ဂျင်စက်ရုံမှ အင်ဂျင်များကို ရောင်းချပေးသွားမည်ဖြစ်သည်။

### သတ္တုတွင်းလုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍ

၁၃။ မြန်မာနိုင်ငံသို့ ဘယ်လာရုစ်နိုင်ငံ Belaz သတ္တုတွင်းလုပ်ငန်းသုံး ထရပ်ကားများအား တင်သွင်းရန်နှင့် ဘယ်လာရုစ်နိုင်ငံသို့ မြန်မာနိုင်ငံမှ သံမပါသည့် သတ္တုနှင့် အထပ်သားများတင်ပို့ရန် ဖြစ်နိုင်ခြေအား လေ့လာသွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။

၁၄။ ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တုအရင်းအမြစ်များ ရှာဖွေတူးဖော်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။

### ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု

၁၅။ နှစ်နိုင်ငံအနေဖြင့် တိကျခိုင်မာသော စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် သေချာသောရလဒ်များရရှိမည်ဟု နှစ်ဖက်စလုံးမှ ယုံကြည်ကြသည်။

၁၆။ နှစ်ဖက်စလုံးမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံမှ ဘယ်လာရုစ်နိုင်ငံသို့ သစ်သီးဝလံများ၊ ဆန်စပါး၊ ငါးနှင့် အခြားသော ရေထွက်ပစ္စည်းများအား ကောင်းစွာတင်ပို့နိုင်မည့် အလားအလာရှိကြောင်း သုံးသပ်ခဲ့ကြသည်။

၁၇။ သာတူညီမျှရှိမှုနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိမှုအပေါ် အခြေခံသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးနှင့် နည်းပညာဖလှယ်ရေးတို့အပေါ် အခြေအနေကောင်းများကို ဖန်တီးပေးနိုင်မည်ဟု နှစ်ဖက်စလုံးမှယုံကြည်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အရ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် တည်ထောင်ရေးအား ကြိုဆိုခဲ့သည်။

၁၈။ နှစ်နိုင်ငံစလုံးမှ လာမည့်သုံးလအတွင်း ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်အတွက် သက်ဆိုင်ရာအဖွဲ့ဝင်များ ဖွဲ့စည်းပေးခြင်းနှင့် ပူးတွဲကော်မရှင် ပထမအကြိမ်အစည်းအဝေး၏ အစည်းအဝေးအစီအစဉ်၊ ယင်းအစည်းအဝေးကျင်းပမည့်နေ့ရက်နှင့် နေရာတို့အား သံတမန်လမ်းကြောင်းမှတစ်ဆင့် အပြီးသတ်အတည်ပြုသွားရန် သဘောတူညီခဲ့သည်။

၁၉။ ပူးတွဲကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးအတွင်း ဘဏ္ဍာရေး၊ စွမ်းအင်၊ တီထွင်ဖန်တီးမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းမည့် အခြားသောနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ဆွေးနွေးသွားမည်ဖြစ်သည်။

၂၀။ JSC "Promagroleasing" နှင့် "Dynasty" ကုမ္ပဏီများအုပ်စုတို့ ပါဝင်၍ ဘယ်လာရုစ်ထွက်ကုန်များအား အပြည်ပြည်ဆိုင်ရာ ငွေချေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေးအတွက် နှစ်ဖက်စလုံးမှ သင့်လျော်သည့် အစီအစဉ်များ ပူးပေါင်းရှာဖွေရန် သဘောတူညီခဲ့သည်။

### ပညာရေး

၂၁။ မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ရှင်သန်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် နှစ်နိုင်ငံရှိ ပညာရေးဆိုင်ရာအဖွဲ့အစည်း၊ ဌာနများအကြား တိုက်ရိုက်ဆက်သွယ်မှုကို ထိန်းသိမ်းရန်နှင့် အားပေးရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည်။ နှစ်ဖက်စလုံးမှ ပညာရေးဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ပေးရေးအပါအဝင် ကျောင်းသားများ၊ သုတေသီများနှင့် ကျွမ်းကျင်သူပညာရှင်များအကြား အပြန်အလှန်ခရီးစဉ်များ စီစဉ်သွားလာနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

### သိပ္ပံနှင့် နည်းပညာ

၂၂။ သိပ္ပံနှင့်နည်းပညာကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးသည် အရေးကြီးသည်ဟု နှစ်ဖက်စလုံးမှ အသိအမှတ်ပြုပြီး သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် သဘောတူညီခဲ့သည်။

### လယ်ယာစိုက်ပျိုးရေး

၂၃။ မြန်မာနိုင်ငံ၌ စက်မှုလယ်ယာစိုက်ပျိုးရေး ထွန်းကားစေရေးအတွက် စာတွေ့၊ လက်တွေ့ဌာနတစ်ခုတည်ထောင်သွားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည်။

၂၄။ သီးနှံအထွက်တိုးရေးအတွက် အထောက်အကူပြုစေရန် ဘယ်လာရုစ်နိုင်ငံမှ ပိုတက်ရှ်ဓာတ်မြေသြဇာများ မြန်မာနိုင်ငံသို့ ရေရှည်ရောင်းချသွားနိုင်ရေးအတွက် အခွင့်အလမ်းများ စဉ်းစားသွားရန် နှစ်ဖက်သဘောတူကြသည်။

### ကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးမှုများ

၂၅။ ယခုခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်စာတမ်းများနှင့် ရရှိခဲ့သည့် သဘောတူညီချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားနိုင်ရေး နှစ်နိုင်ငံစလုံးမှ အားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

### ဒေသဆိုင်ရာနှင့် နိုင်ငံတကာရေးရာများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခြင်း

၂၆။ နိုင်ငံတကာအခြေအနေများသည် မတည်မငြိမ်ဖြစ်နေဆဲဖြစ်ပြီး မျက်မှောက်လုံခြုံရေးခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများသည် တစ်ကမ္ဘာလုံးနှင့် ဆက်နွှယ်သည့်အသွင်လက္ခဏာရှိလျက် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် လူသားတစ်ရပ်လုံး ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှုအဖြစ် ရှိနေဆဲဖြစ်ကြောင်း နှစ်ဖက်စလုံးက ခံယူကြသည်။ ဤစိန်ခေါ်မှုများကို အပြည်ပြည်ဆိုင်ရာ ဥပဒေအခြေခံမူများကိုအခြေခံ၍ တစ်ကမ္ဘာလုံး ပူးပေါင်းအားထုတ်မှုဖြင့်သာလျှင် ဖြေရှင်းနိုင်မည်ဖြစ်သည်။

၂၇။ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့်ဆန့်ကျင်၍ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပုံစံများကို ပြင်ပမှ ပုံသွင်းခြင်း၊ စံနှုန်းနှစ်မျိုးသတ်မှတ်သည့် မူဝါဒကျင့်သုံးခြင်း စသည်တို့သည် နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း နှစ်ဖက်စလုံးက အမြင်ချင်းဖလှယ်ခဲ့ကြသည်။

၂၈။ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ်တွင် ထမ်းဆောင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံနှင့် အစိုးရအကြီးအကဲများ၏ ဆုံးဖြတ်ချက်ကို ဘယ်လာရုစ်နိုင်ငံက ကြိုဆိုပါသည်။

၂၉။ ဘယ်လာရုစ်နိုင်ငံက မြန်မာပြည်သူများနှင့် အစိုးရတို့ ရွေးချယ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးလမ်းကြောင်းကို လေးစားပြီး နိုင်ငံတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ဆောင်ချက်များကိုလည်း ကြိုဆိုထောက်ခံသည်။

၃၀။ ဘယ်လာရုစ်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်သည့်ခရီးစဉ်တွင် နွေးထွေးစွာကြိုဆိုမှုနှင့် ဧည့်ဝတ်ကျေပွန်မှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်က ကျေးဇူးဥပကာရတင်ရှိပါကြောင်း ထုတ်ဖော်ပြောကြားပါသည်။

ဤပူးတွဲကြေညာချက်ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် နေပြည်တော်၌ ထုတ်ပြန်ခဲ့သည်။

**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်**

**❖ရှေ့ဖုံးမှ**

လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဘယ်လာရုစ်နိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအသင်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တို့ကို လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ အဆိုပါသဘောတူစာချုပ်များသည် နှစ်နိုင်ငံအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်အတွက် များစွာ အထောက်အကူပြု ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ပတ်သက်၍ ရရှိထားသော စာရင်းဇယားများအရ နှစ်ဖက်ကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိနေသေးသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အုပ်ချုပ်မှုနှင့် စီးပွားရေးပုံစံများ ပြောင်းလဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသော်လည်း စက်မှုထွန်းကားရေးအတွက်လည်း ကြိုးပမ်းလျက်ရှိပါကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ Upstream နှင့် Downstream ကဏ္ဍများတွင် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများ ဖွင့်ထားပါကြောင်း။

ဘယ်လာရုစ်နိုင်ငံ၏ အဓိကပို့ကုန်များတွင် သတ္တုများ ပါဝင်သည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံသည် သတ္တုအပါအဝင် မြေအောက်သယံဇာတများ ကြွယ်ဝသည့်နိုင်ငံ ဖြစ်သည်နှင့်အညီ ရှားပါးသတ္တုစမ်းသပ်ရှာဖွေရေး သုတေသနလုပ်ငန်းများအတွက် နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးရန် လိုလားလျက်ရှိပါကြောင်း။

ထို့မှုမက စိုက်ပျိုးရေးကဏ္ဍတွင် သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်မှုနှင့် ပတ်သက်၍ နည်းပညာသစ်များ အသုံးပြုဆောင်ရွက်ရေးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာ ရှိနေပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံပေါင်း ၃၁ နိုင်ငံ၊ လုပ်ငန်းပေါင်း ၄၅၄ ခုမှ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၀၇ ဘီလီယံတန်ဖိုး လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုများ ယခုထက်





**ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ပထမအကြိမ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

သည်နိုင်ငံဖွံ့ဖြိုးမှုအတွက် တွန်းအားများဖြစ်သည်နှင့်အညီ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရေးအတွက် ခေတ်နှင့်အညီ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်လျက်ရှိပါကြောင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းအချို့ကိုလည်း အသစ်ပြဋ္ဌာန်းရန် စီစဉ်လျက်ရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းစေရန်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့နှင့် ဆက်စပ်နေသည့် ငွေကြေးဆိုင်ရာကိစ္စများကိုလည်း ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ကဏ္ဍအများအပြားတွင် ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနအနေ ပိုမိုတိုးတက်လာရန် မျှော်လင့်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများသည် အိမ်နီးနားချင်းနိုင်ငံများနှင့် အာရှနိုင်ငံများ ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုပိုမိုတိုးတက်လာစေရန် ကြိုးပမ်းလျက်ရှိပြီး ဘယ်လာရုစ်နိုင်ငံသို့ မြန်မာပို့ကုန်များ တိုးမြှင့်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ထို့အပြင် ဘယ်လာရုစ်စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုပြုရန် ဖိတ်ခေါ်လိုပါကြောင်း။

ဤဆွေးနွေးပွဲမှသည် အပြန်အလှန်ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေဆောင်ရွက်သွားကြရန် မျှော်လင့်ပါကြောင်း၊ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ကာ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် တစ်ဦးနှင့်တစ်ဦး စတင်မိတ်ဆက်နိုင်ခဲ့ကြပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ယခုနှစ်တွင် ဆယ်ဆတိုးတက်ရောက်ရှိခဲ့ပါကြောင်း၊ ယင်းသည် မိမိတို့သွားရမည့် ခရီးရှည်ကြီး၏ အစပင်ဖြစ်ပါကြောင်း၊ လာမည့်နှစ်အနည်းငယ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အဆ ၅၀ အထိ တိုးတက်လာနိုင်ပါကြောင်း။

မိမိတို့အနေဖြင့် ယခုကဲ့သို့ လာရောက်ပြီး လယ်ယာစိုက်ပျိုးရေး၊ စက်မှု၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတို့တွင် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် စီမံချက်များကို ဆောင်ရွက်လိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လယ်ယာစီမံချက်များကို ဦးစားပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်မှု၌ ဦးဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကာလကြာရှည်စွာကပင် ဒေသတွင်း ပညာတတ်များပြားသော နိုင်ငံတစ်ခုဖြစ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လယ်ယာနှင့် စက်မှုလယ်ယာ တည်ဆောက်ရေးဗဟိုဌာနတစ်ခုကို ခေတ်မီနည်းပညာများ ရရှိရန်အတွက် တည်ဆောက်သင့်သည်ဟု အကြံပြုလိုပါကြောင်း။

မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် Potach ဓာတ်မြေဩဇာ အများဆုံး ထုတ်လုပ်သောနိုင်ငံဖြစ်ပြီး နိုင်ငံအတော်များများ၏ စက်မှုတည်ဆောက်ရေးတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးရေးအတွက် စက်မှုလယ်ယာ တည်ဆောက်ရေးနှင့် သတ္တုတွင်းကဏ္ဍတို့၌ များစွာအထောက်အကူပြုနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် လယ်ထွန်စက်များ၊ မော်တော်ယာဉ်များနှင့် စည်ပင်သာယာသုံးစက်များကို ပူးတွဲထုတ်လုပ်လိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ လယ်ထွန်စက်တည်ဆောက်ရေးကုမ္ပဏီသည် မြန်မာနိုင်ငံနှင့်ပူးတွဲလုပ်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိပါကြောင်း။

မိမိတို့သည် ရေနံကဏ္ဍနှင့် ပတ်သက်သော ခေတ်မီစက်မှုလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ မဟာဓာတ်အားစီမံကိန်းများ တည်ဆောက်ခြင်းနှင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဒီဇယ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်များ၊ Transformer များနှင့် အခြားလိုအပ်သော ပစ္စည်းကိရိယာများကို မြန်မာနိုင်ငံသို့ တိုက်ရိုက်ဆက်သွယ် ပို့ပေးလိုပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံမှ ကုမ္ပဏီများအနေဖြင့် Minsks အနားယူအပန်းဖြေရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပါဝင်ရန် ဖိတ်ကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် မြန်မာနိုင်ငံ၏ ယနေ့ ဖြစ်ပေါ်တိုးတက်မှုများကို ကြိုဆိုပါကြောင်းနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုကို နှစ်ဦးနှစ်ဖက် ရယူတည်ဆောက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်တို့ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်သည့် စားသောက်ကုန်များကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်သည့် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် စက်မှုထုတ်ကုန်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပထမအကြိမ် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်သိပ္ပံနှင့်နည်းပညာကောင်စီဥက္ကဋ္ဌ Mr. Igor VOYTOV က အဖွင့်အမှာစကားပြောကြားပြီး ဘယ်လာရုစ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Myatilkov Mikhail က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ အကြံပေး ဒေါ်မြသူဇာက မြန်မာနိုင်ငံ၏ လက်ရှိရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ကုန်သွယ်မှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးက စီးပွားရေးအခွင့်အလမ်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်သည်ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန(MICC) ရှိ Signing Room ၌ မီဒီယာများအား တွေ့ဆုံ၍ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးကို အခြေခံသောလုပ်ငန်းများ၊ သား၊ ငါးထုတ်လုပ်မှုလုပ်ငန်းများ၊ ရော်ဘာနှင့် ပတ်သက်သည့် စက်မှုလက်မှုလုပ်ငန်းများ၊ ပဲမျိုးစုံနှင့် ပတ်သက်သည့် စက်ရုံများ၊ သတ္တုလုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံ ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တရုတ်စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (ICBC) ကိုယ်စားလှယ်ရုံးဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၃**

တရုတ်စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (ICBC)သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဘဏ်များအနက် မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်ရုံး ပထမဆုံး လာရောက်ဖွင့်လှစ်သည့်ဘဏ် ဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ကမ္ဘာ့အဆင့်မီ ဘဏ်ကြီးတစ်ဘဏ်က မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်ရုံး လာရောက်ဖွင့်လှစ်သည့်အတွက် နှစ်နိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ အဆင့်တိုးမြှင့်နိုင်ရေးအတွက် အရှိန်အဟုန်ကြီးမားသည့် ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်နိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၁၅ ရုံး ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိသဖြင့် ICBC ကိုယ်စားလှယ် ရုံးခွဲ မြန်မာနိုင်ငံ၌ ဖွင့်လှစ်ထားသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပသည့် တရုတ်စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (ICBC) နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး(ရန်ကုန်) ဖွင့်ပွဲအခမ်းအနား၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။**(ယာပုံ)**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Wang Zong Ying၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ICBC ဥက္ကဋ္ဌ Mr. Jiang Jianqing နှင့် ဌာနကြီးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထို့နောက် ICBC ဥက္ကဋ္ဌ Mr. Jiang Jianqing က တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ အိမ်ရှင်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့သည် တရုတ်စက်မှုလက်မှုကူးသန်းရောင်းဝယ်ရေးဘဏ်၏ နိုင်ငံတကာအဆင့်မီတိုးချဲ့လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေခံရည်ရွယ်ချက်များပင် ဖြစ်ပါကြောင်း၊ ဒေသတွင်း လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားခြင်းဖြင့် အိမ်ရှင်နိုင်ငံ၏ အစိုးရအဖွဲ့နှင့် ပြည်သူတို့အကြား ရင်းနှီးနားလည်မှုများကို ပိုမိုရရှိစေပြီး နှစ်ဦးနှစ်ဖက်အကျိုးတူဖွံ့ဖြိုးစေမည့် ကမ္ဘာ့စီးပွားရေးလမ်းကြောင်းကို ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူး Mr. Wang Zong Ying က ICBC ကိုယ်စားလှယ်ရုံး ဖွင့်လှစ်သည့်အတွက် ကြိုဆိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ICBC ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ICBC ကိုယ်စားလှယ်ရုံး ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ICBC နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ (ရန်ကုန်) ဖွင့်ပွဲမကျင်းပမီ ICBC ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား Park Royal Hotel ဧည့်ခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



☆ ကျောဖုံးမှ

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီးလည်း တက်ရောက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ရှေ့မှောက်၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်ခ်စ်မြို့ အမှုဆောင်ကော်မတီဥက္ကဋ္ဌ Mr. Nikolai LADUTSKO တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်ခ်စ်မြို့တို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ (သတင်းစဉ်)

# ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။**

ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းသိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

❖ ငြိမ်းချမ်းရေးမှ

အဖွဲ့နှင့် RCSS/ SSA ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည် ပဏာမ ဆောင်ရွက်ရန် သဘောတူညီချက် အချို့အား လက်မှတ်ရေးထိုးကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် RCSS/ SSA ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ရှမ်းပြည်တပ်မတော်မှ ဦးစိုင်းလူးတို့သည် ပဏာမ သဘောတူညီမှုစာချုပ်အား အပြန်အလှန် လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## အထက အင်းတကော်

## အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၃

အင်းတကော် အထက(၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြပါရန်နှင့် ရန်ကုန်မြို့မှ ကြို/ပို့မော်တော်ယာဉ် စီစဉ်ထားသဖြင့် ကျောင်းသားဟောင်း ဦးမင်းကြည် ဖုန်း-၀၉-၄၉၃၁၁၇၁၁ နှင့် ဆက်သွယ်ကြရန်ဖြစ်ပြီး ဦးခင်စိုး ဖုန်း-၀၉-၅၃၀၉၁၆၁၊ ဦးကျော်ငွေ ဖုန်း-၀၁-၅၇၂၁၄၆၊ ဒေါက်တာငွေးအောင် ဖုန်း-၀၉-၅၁၈၉၉၁၂၊ ဗိုလ်မှူးခွန်ငွေးကျော် ဖုန်း-၀၉-၄၉၂၈၂၅၆၅၊ ဦးတင်စိုး ဖုန်း-၀၉-၅၃၆၃၇၄၈၊ ဦးကျော့ရှင်း ဖုန်း-၀၉-၅၃၀၉၀၁၇၊ ဦးသန်းထိုက်အောင် ဖုန်း-၀၉-၅၀၆၀၅၂၃၊ ဦးဝင်းမြင့်အောင် ဖုန်း-၀၉-၄၉၄၅၀၁၅၄၊ ဒေါ်အေးအေးသင်း ဖုန်း-၀၁-၇၀၇၈၅၁ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

# ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ကြည့်ရှုလေ့လာ



ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### လက်မှတ်ရေးထိုး

ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးသည် တာဝန်ရှိသူများလိုက်ပါလျက် ပြတိုက်၌ ခင်းကျင်းပြသထားသည့် မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် ဇနီးသည် ပြတိုက်အတွင်းရှိ ကျောက်မျက်ရတနာအရောင်းဆိုင်ခန်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီး မစ္စစ် လုဒ် မီလာမီယာစညီကိုဗစ်ချ်သည် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်မြို့မဈေး၊ လွှတ်တော် အဆောက်အအုံ၊ သပြေကုန်းဈေးအနီးရှိ ကျောက်မျက်အရောင်းဆိုင်တန်းများနှင့် မြို့ပြစည်ပင်ဖွံ့ဖြိုးမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်နှင့် ဘယ်လာရုစ် စက်မှုဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီး H.E. Mr. Dmitry KATERINICH ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၃**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီး H.E. Mr. Dmitry KATERINICH ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ သတ္တုများ တူးဖော်၊ ထုတ်လုပ်၊ သယ်ယူ၊ ပို့ဆောင်ရာတွင် စက်ယန္တရားများ သုံးစွဲခြင်း၊ နည်းပညာပိုင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သတ္တုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း စသည်ဖြင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chengdu စစ်ဒေသကြီး အကြီးအကဲ Gen. Li Shi Ming က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chengdu စစ်ဒေသကြီး အကြီးအကဲ Gen. Li Shi Ming က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၃

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chengdu စစ်ဒေသကြီး အကြီးအကဲ Gen. Li Shi Ming က ဒီဇင်ဘာ ၁ ရက် ညပိုင်းတွင် Chengdu မြို့ရှိ တည်းခိုရာ Wang Jiang Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chengdu စစ်ဒေသကြီး အကြီးအကဲ Gen. Li Shi Ming နှင့်အတူ Chengdu စစ်ဒေသကြီး စစ်ဦးစီးချုပ် Lt. Gen, Ah Hu Shen၊ Chengdu စစ်ဒေသကြီး ဒုတိယစစ်ဦးစီးချုပ် Maj- Gen. Zeng Ran၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် နိုင်ငံခြားဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Maj-Gen. Qian Lihua၊ Chengdu စစ်ဒေသကြီး ရုံးအဖွဲ့မှူး Sr. Col. Li Zhe Hong၊ စစ်ဆင်ရေးဌာနမှူး Sr. Col. Chao Jun Chang၊ ထောက်လှမ်းရေးဌာနမှူး Sr. Col. Li Don Fang၊ လေ့ကျင့်ရေးဌာနမှူး Sr. Col. Tao Yong၊ သတင်းဖြန့်ချိရေးဌာနမှူး Zhao Zhong နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်စစ်သံမှူး Sr. Col. Xiong Shao Wei တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့အား Chengdu စစ်ဒေသကြီး အကြီးအကဲ Gen. Li Shi Ming နှင့် စစ်ဦးစီးချုပ် Lt. Gen, Ah Hu Shen နှင့် အရာရှိကြီးများက ညစာတည်ခင်းမည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲတွင် Chengdu စစ်ဒေသကြီး အကြီးအကဲ Gen. Li Shi Ming နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့က ဆုမွန်ကောင်းတောင်း မိန့်ခွန်းများပြောကြားကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ တိုက်ခိုက်ရေးအလံတော် ယဉ်ကျေးမှုအနုပညာအဖွဲ့က အဆိုအကများဖြင့် ဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ဖျော်ဖြေရေးအဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Chengdu စစ်ဒေသကြီး အကြီးအကဲတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၁ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည်ဖြစ်သည်။

**ဆောင်ရွက်ပေးမည်**

ယင်းကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ လက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်ရုံးခွဲ)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်၊ မိုင်းရှူး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုးညှင်း)မြို့များရှိ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား Nanning လေဆိပ်၌ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ စစ်ဒေသမှူး Maj. Gen. Zhang Tao Xiang နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ ချစ်ကြည်ရေးခရီး အပြန်ခရီးစဉ်တွင် Chengdu မြို့ လေတပ် တပ်မမှူးနှင့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ စစ်ဒေသမှူးတို့က သက်ဆိုင်ရာလေဆိပ်များ၌ တွေ့ဆုံပို့ဆောင်နှုတ်ဆက်

**နေပြည်တော် ဒီဇင်ဘာ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Chen Bingde ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာစဉ် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် Chengdu မြို့ Tai Ping Si လေဆိပ်အရောက်၌ လေတပ် တပ်မမှူး Sr. Col. Yu Shu Xiong နှင့် ဒုတိယတပ်မမှူး Col. Liu Wen Qi တို့က ကြိုဆိုကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော အဖွဲ့များသည် Chengdu မြို့မှ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အထူးလေယာဉ်ဖြင့် Nanning လေဆိပ်သို့ ရောက်ရှိကြရာ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ စစ်ဒေသမှူး Maj. Gen. Zhang Tao Xiang နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လေဆိပ်ဧည့်ခန်းမ၌ နှုတ်ဆက်စကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်လျက် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း သင်းလုံးကျွတ် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း (မကွေးတိုင်းဒေသကြီးအသင်းခွဲ)သည် စတုတ္ထအကြိမ်မြောက် သင်းလုံးကျွတ် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့)နှင့် ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့)များတွင် မကွေးဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ပြီး စာတမ်း လေးစောင်တင်သွင်းဖတ်ကြားကြမည်ဖြစ်သည်။ ယခုနှစ်တွင် Implantology ပညာရပ်နှင့်ပတ်သက်သော ပို့ချချက်အစီအစဉ်ကိုလည်း ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီမှ စတင်၍ ကိုရီးယားပညာရှင်များနှင့် ပူးပေါင်းစီစဉ်ထားသော ခေတ်မီဆေးနှင့် ဆေးဝါးကိရိယာများကို ပြသခြင်း၊ မိတ်ဆက်ပေးခြင်းစသည့် အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက ဥက္ကဋ္ဌ ဒေါက်တာထွန်းဇော် ဖုန်း-၀၉-၅၃၄၀၆၉၃၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ခိုင်မော် ဖုန်း-၀၉-၅၃၄၃၄၀၇၊ အတွင်းရေးမှူး(၁) ဒေါက်တာအောင်ကျော်စိုး ဖုန်း-၀၉-၅၃၄၁၇၆၁ တို့သို့ ဒီဇင်ဘာ ၂၄ ရက် (စနေနေ့)မွန်းတည့် ၁၂ နာရီအတွင်း အချိန်မီ သတင်းပေးပို့ကြရန်နှင့် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေပြဋ္ဌာန်း

## ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။)
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကိုယ်ပိုင်ကျောင်း** ဆိုသည်မှာ ပညာရေးအရည်အသွေးမြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သော အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်များအတိုင်းဖြစ်စေ၊ အဆိုပါဘာသာရပ်များအတွက် သင်ခန်းစာများထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားပေးသော ပုဂ္ဂလိကတည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာကျောင်းကို ဆိုသည်။

(ခ) **ကိုယ်ပိုင်ကျောင်းဆရာ** ဆိုသည်မှာ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရန် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ် ရရှိသူကို ဆိုသည်။

(ဂ) **တည်ထောင်ဖွင့်လှစ်သူ** ဆိုသည်မှာ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ရန် ငွေကြေး၊ မြေနေရာ၊ စာသင်ဆောင်၊ ဘော်ဒါဆောင်၊ ပစ္စည်း၊ ပရိဘောဂ စသည့်အရင်းအနှီးစိုက်ထုတ်ထားသောပုဂ္ဂိုလ်ကို ဆိုသည်။

(ဃ) **ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ရရှိသူအား ပညာရေးဝန်ကြီးဌာနက ကိုယ်ပိုင်ကျောင်းအဖြစ် အသိအမှတ်ပြုထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(င) **ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် သင်ကြားခွင့်ရရှိသူအား ပညာရေးအရာရှိက ကိုယ်ပိုင်ကျောင်းဆရာအဖြစ် အသိအမှတ်ပြုထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(စ) **ဘော်ဒါဆောင်** ဆိုသည်မှာ ကိုယ်ပိုင်ကျောင်း၏ ကျောင်းသားများ နေထိုင်ရန်စီမံထားသော အဆောက်အအုံကို ဆိုသည်။

(ဆ) **ထပ်ဆောင်းဘာသာရပ်** ဆိုသည်မှာ သတ်မှတ်ထားသော ကျောင်းသင်ဘာသာရပ်များအပြင် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထပ်ဆောင်းသင်ကြားပေးသော ဘာသာစကားနှင့် ဘာသာရပ်များကို ဆိုသည်။

(ဇ) **ထပ်ဆောင်းသင်ခန်းစာများ** ဆိုသည်မှာ ကျောင်းသင်ဘာသာရပ်ပါ သင်ခန်းစာများအပြင် ထပ်ဆောင်းသင်ကြားသည့် သင်ခန်းစာများ၊ ထပ်ဆောင်းဘာသာရပ်တွင် သင်ကြားသည့် သင်ခန်းစာများကို ဆိုသည်။

(ဈ) **ပညာရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ်မှတ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးခြင်းခံရသော သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဋ) **ပညာရေးအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အခြေခံပညာရုံးများနှင့် ကျောင်းများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးအပ်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးကို ဆိုသည်။

### အခန်း(၂)
### လုပ်ငန်းတာဝန်များ

၃။ ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများနှင့် ပတ်သက်၍ မူဝါဒချမှတ်ခြင်း၊

(ခ) ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများအား ကြီးကြပ်ရေးနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရေးအရာရှိများအား လိုအပ်သလိုလမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ကိုယ်ပိုင်ကျောင်းတွင်သင်ကြားမည့် ထပ်ဆောင်းသင်ခန်းစာများအတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ပြုခြင်း၊ တည်ထောင်ဖွင့်လှစ်ခွင့်ပြုရန် ငြင်းပယ်ခြင်း သို့မဟုတ် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၄။ ပညာရေးဝန်ကြီးဌာနသည် ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်မပြုမီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံမှ ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်နှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် တောင်းခံရမည်။

၅။ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာများ၏ လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျရှိရေးနှင့် စည်းကမ်းတကျဖြစ်ရေးအတွက် သက်ဆိုင်ရာ ပညာရေးအရာရှိများအား ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ စည်းကမ်းဖောက်ဖျက်သော ကိုယ်ပိုင်ကျောင်း သို့မဟုတ် သတ်မှတ်ချက်နှင့်ညီညွတ်ပြည့်စုံမှုမရှိသော ကိုယ်ပိုင်ကျောင်းနှင့် စပ်လျဉ်း၍လည်းကောင်း ပညာရေးအရာရှိ၏ တင်ပြချက်အပေါ် သဘောထားမှတ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြခြင်း၊

(ဂ) ထပ်ဆောင်းသင်ခန်းစာများအတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဃ) ထပ်ဆောင်းသင်ခန်းစာများကိုစိစစ်၍ သဘောထားမှတ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြခြင်း၊ ပညာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား ဆက်လက်အကြောင်းကြားခြင်း၊

(င) ကိုယ်ပိုင်ကျောင်း၏ သင်ကြားမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ အခါအားလျော်စွာစစ်ဆေးခြင်းနှင့် စစ်ဆေးစေခြင်း၊

(စ) ကိုယ်ပိုင်ကျောင်းဆရာနှင့်စပ်လျဉ်း၍ ပညာရေးအရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ဆ) ပုဒ်မခွဲ(စ)အရချမှတ်သော ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဇ) ပညာရေးဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ပညာရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အဖွဲ့ ဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးစေခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊

(ခ) စည်းကမ်းဖောက်ဖျက်သော ကိုယ်ပိုင်ကျောင်း သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသော ကိုယ်ပိုင်ကျောင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊

(ဂ) ထပ်ဆောင်းဘာသာရပ်အတွက် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားလာပါက ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ သဘောထားမှတ်ချက်ရယူခြင်း၊

(ဃ) ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(င) ထပ်ဆောင်းသင်ခန်းစာများအပေါ် သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊ ညွှန်ကြားရေးမှူးချုပ်၏ သဘောထားမှတ်ချက်အရ သင်ကြားရန်ခွင့်ပြုခြင်း သို့မဟုတ် သင်ကြားခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်သော ကိုယ်ပိုင်ကျောင်းဆရာကို သတိပေးခြင်း၊ ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဆ) ကိုယ်ပိုင်ကျောင်း၏ သင်ကြားမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ အခါအားလျော်စွာစစ်ဆေးခြင်းနှင့် စစ်ဆေးစေခြင်း၊

(ဇ) ပညာရေးဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း (၃)
### ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း

၇။ (က) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ရာတွင်-

(၁) ပြည်ပနိုင်ငံအကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သောကျောင်း မဖြစ်စေရ။

(၂) နိုင်ငံခြားအဖွဲ့အစည်းမှ ဦးစီးတည်ထောင်ဖွင့်လှစ်သော သို့မဟုတ် ထိုအဖွဲ့အစည်း၏အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သောကျောင်း မဖြစ်စေရ။

(၃) သာသနာပြုကျောင်း မဖြစ်စေရ။

(ခ) ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသော ပုဂ္ဂိုလ်သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) တစ်ဦးတည်းက တည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(၂) အဖွဲ့အစည်းက တည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက ထိုအဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့ဝင်အားလုံးသည် မြန်မာနိုင်ငံသား ဖြစ်ခြင်း။

၈။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်နိုင်ရန် အောက်ပါလိုအပ်ချက်များနှင့် ပြည့်စုံရမည်-

(က) အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်းကို ဖွင့်လှစ်ရန် စီမံထားရှိခြင်း၊

(ခ) ကျောင်းပတ်ဝန်းကျင်၊ ကျောင်းဝင်း၊ ကျောင်းစာသင်ခန်းများသည် ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းစင်ကြယ်မှုရှိခြင်း၊

(ဂ) ကျောင်းအဆောက်အအုံသည် ကျောင်းအဖြစ်အသုံးပြုနိုင်သည့် အခြေအနေရှိခြင်း၊

(ဃ) ကျောင်းသားများ၏ အသက်အရွယ်နှင့် ကျောင်းသားဦးရေအလိုက် ကျောင်းသုံးပရိဘောဂ၊ သင်ကြားမှုအထောက်အကူ ကိရိယာပစ္စည်းများ၊ နေရာထိုင်ခင်းများ၊ ကျောင်းစုဝေးပွဲနှင့် အားကစားပြုလုပ်ရန် နေရာများ သင့်တင့်လုံလောက်စွာရှိခြင်း၊

(င) ထပ်ဆောင်းသင်ခန်းစာများကို ပြည့်စုံမှန်ကန်စွာ ပြုစုတင်ပြခြင်း၊

(စ) ကိုယ်ပိုင်ကျောင်း၏ အတန်းများတွင် ဘာသာရပ်အလိုက် သင်ကြားမည့် ကိုယ်ပိုင်ကျောင်းဆရာဦးရေ လုံလောက်မှုရှိခြင်း၊

(ဆ) ကိုယ်ပိုင်ကျောင်းတွင် သင်ကြားမည့်ရက်သတ္တပတ် သင်ကြားမှုအစီအစဉ်ကို စနစ်တကျ ရေးဆွဲထားခြင်း၊

(ဇ) ဘော်ဒါဆောင်ထားရှိပါက-

(၁) ဘော်ဒါဆောင် အဆောက်အအုံသည် ဘော်ဒါဆောင်အဖြစ် အသုံးပြုနိုင်သည့် အခြေအနေရှိခြင်း၊

(၂) အမျိုးသားဘော်ဒါဆောင်နှင့် အမျိုးသမီးဘော်ဒါဆောင်များကို သီးခြားစီထားရှိပြီး ဘော်ဒါဆောင်အား လုံခြုံစွာ ကာရံထားရှိခြင်း၊

(၃) ဘော်ဒါဆောင်အလိုက် အဆောင်မှူးထားရှိခြင်း၊

(၄) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အစီအမံများထားရှိခြင်း၊

(၅) ကျန်းမာရေးနှင့်ညီညွတ်သည့် စားရိပ်သာစီစဉ်ထားရှိခြင်း။

၉။ ပုဒ်မ ၇ ပါ အချက်များနှင့် ကိုက်ညီသောပုဂ္ဂိုလ်သည် ပုဒ်မ ၈ ပါ လိုအပ်ချက်များနှင့်ပြည့်စုံသော ကိုယ်ပိုင်ကျောင်းတည်ထောင် ဖွင့်လှစ်လိုပါကသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားရမည်။

၁၀။ (က) ပညာရေးအရာရှိသည် ပုဒ်မ ၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က)အရ ပညာရေးအရာရှိ၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ပညာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ(ခ)အရတင်ပြသော ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လျှောက်လွှာများကို စိစစ်ပြီး ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပညာရေးဝန်ကြီးဌာနသည် ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်မပြုမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံမှ ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်တောင်းခံရမည်။

(င) ပုဒ်မခွဲ(ဂ)အရ ချမှတ်သော ပညာရေးဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၁။ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)အရ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာ လျှောက်ထားသူအား ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို စည်းကမ်းချက်များနှင့်အတူ ပညာရေးဝန်ကြီးဌာနက ထုတ်ပေးရမည်။

၁၂။ သက်ဆိုင်ရာ ပညာရေးအရာရှိသည် မှတ်ပုံတင်ခွင့်ရရှိသည့် ကိုယ်ပိုင်ကျောင်း၏ အချက်အလက်များကို မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ်ကို အများပြည်သူတို့အား သင့်လျော်သောအချိန်တွင် ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

၁၃။ တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို ထိုကိုယ်ပိုင်ကျောင်းတွင် အများပြည်သူတို့ မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်။

၁၄။ တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်းကို ဆက်လက်တည်ထောင်ဖွင့်လှစ်လိုပါက သတ်မှတ်ထားသည့် နှစ်စဉ်ကြေးကို သတ်မှတ်ချက်များနှင့်အညီ

လိုသော ပုဂ္ဂိုလ်သည်
-
လုပ်လိုခြင်းဖြစ်ပါက မြန်မာ
စ်လိုခြင်းဖြစ်ပါက ထိုအဖွဲ့
ပုံးသည် မြန်မာနိုင်ငံသား
ာက်ပါလိုအပ်ချက်များနှင့်
တန်းကျောင်း သို့မဟုတ်
မ်ထားရှိခြင်း၊
ျာင်းစာသင်ခန်းများသည်
ကြယ်မှုရှိခြင်း၊
ဖြစ်အသုံးပြုနိုင်သည့် အခြေ
ကျောင်းသားဦးရေအလိုက်
တက်အကူ ကိရိယာပစ္စည်း
နှင့် အားကစားပြုလုပ်ရန်
န်ကန်စွာ ပြုစုတင်ပြခြင်း၊
သာရပ်အလိုက် သင်ကြား
လာက်မှုရှိခြင်း၊
သတ္တပတ် သင်ကြားမှုအစီ
ည် ဘော်ဒါဆောင်အဖြစ်
င်း၊
သမီးဘော်ဒါဆောင်များကို
အား လုံခြုံစွာ ကာရံထား
မျိုးထားရှိခြင်း၊
က်မှု အစီအမံများထားရှိ
ရိပ်သာစီစဉ်ထားရှိခြင်း။
သည် ပုဒ်မ ၈ ပါ လိုအပ်
င့်လှစ်လိုပါကသက်ဆိုင်ရာ
လျှောက်ထားရမည်။
က်ထားချက်ကို သတ်မှတ်
ချက်ဖြင့် ညွှန်ကြားရေးမှူး
အရ ပညာရေးအရာရှိ၏
အညီစိစစ်ပြီး သဘောထား
တင်ပြရမည်။
ရတင်ပြသော ကိုယ်ပိုင်
စိစစ်ပြီး ကိုယ်ပိုင်ကျောင်း
မဟုတ် ငြင်းပယ်ခြင်းပြုနိုင်
ျာင်း တည်ထောင်ဖွင့်လှစ်
သို့မဟုတ် ပြည်နယ်အစိုးရ
စပ်လျဉ်း၍ သဘောထား
ကြီးဌာန၏ အဆုံးအဖြတ်
ထောင်ဖွင့်လှစ်ခွင့်ပြုပါက
သက်ဆိုင်ရာ လျှောက်ထား
ည်းကမ်းချက်များနှင့်အတူ
ရရှိသည့် ကိုယ်ပိုင်ကျောင်း
သွင်းရမည်။ ထိုမှတ်ပုံတင်
န်တွင် ကြည့်ရှုစစ်ဆေးခွင့်
င်းမှတ်ပုံတင်လက်မှတ်ကို
ည့်နေရာ၌ ချိတ်ဆွဲထားရ
ဆက်လက်တည်ထောင်
သတ်မှတ်ချက်များနှင့်အညီ

ပေးသွင်းရမည်။

၁၅။ တည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်းဆရာ နုတ်ထွက်လျှင်ဖြစ်စေ၊ အသစ်ခန့်ထားလျှင်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ပညာရေးအရာရှိထံ အသိပေးတင်ပြရမည်။

၁၆။ မည်သည့် ကိုယ်ပိုင်ကျောင်းမဆို အောက်ပါအချက်များကို လိုက်နာရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အလေးထား ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မ ၈ ပါ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ရန် လိုအပ်သည့် အချက်များကို ပြည့်စုံစွာဆောင်ရွက်ခြင်း၊

(ဂ) ကိုယ်ပိုင်ကျောင်းကို စနစ်တကျ စီမံခန့်ခွဲနိုင်သည့် အရည်အချင်းနှင့် ပြည့်စုံသူကိုသာ ကိုယ်ပိုင်ကျောင်း ကြီးကြပ်အုပ်ချုပ်သူအဖြစ် တာဝန်ပေး ဆောင်ရွက်စေခြင်း၊

(ဃ) သက်ဆိုင်ရာပညာသင်နှစ်အတွက် သတ်မှတ်ထားသည့် နှစ်စဉ်ကြေး ပေးသွင်းပြီးသော ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရှိသူကိုသာ သင်ကြားခွင့်ပြုခြင်း၊

(င) ကျောင်းသားများ၏ စာရိတ္တဗလ၊ ဉာဏဗလ၊ ကာယဗလစွမ်းရည်များ မြင့်မားတိုးတက်စေသည့် ပတ်ဝန်းကျင်အခြေအနေ သို့မဟုတ် သင်ကြားရေးအခြေအနေဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း၊

(စ) ကိုယ်ပိုင်ကျောင်း၌ သင်ကြားပေးသည့် အကြောင်းအရာများသည် မြန်မာနိုင်ငံသား ကလေးများအတွက် သင့်လျော်မှုရှိစေရန်နှင့် ကိုယ်ပိုင်ကျောင်းဆရာများ၏ သင်ကြားမှုတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဆ) ကိုယ်ပိုင်ကျောင်းတွင် ကျောင်းသားများအား နိုင်ငံတော်၏အကျိုးကို ထိခိုက်သော သို့မဟုတ် နိုင်ငံတော်၏မူဝါဒနှင့် ဆန့်ကျင်သော အကြောင်းအရာများ သင်ကြားမှု၊ လေ့ကျင့်ခန်းပေးမှု သို့မဟုတ် ယင်းသို့ပြုလုပ်ရန် စီစဉ်ဆောင်ရွက်မှုများကို မပြုရခြင်း၊

(ဇ) ကိုယ်ပိုင်ကျောင်းတွင် အတန်းအသီးသီး၏ဘာသာရပ်များ၌ဖြစ်စေ၊ ထပ်ဆောင်းသင်ခန်းစာများ၌ဖြစ်စေ သက်ဆိုင်ရာအတန်းအတွက် သတ်မှတ်သည့် သင်ရိုးမာတိကာထက် လျော့နည်းမှုမရှိစေရန် ဆောင်ရွက်ခြင်း၊

(ဈ) ထပ်ဆောင်းသင်ခန်းစာများအား တိကျစွာသင်ကြားနိုင်ရန် ကြပ်မတ် ဆောင်ရွက်ခြင်း၊

(ည) ပုဒ်မ ၃၇ အရ တာဝန်ဝတ္တရားဆောင်ရွက်နေသူ တစ်ဦးဦးကို အလွယ်တကူ ဝင်ရောက်စစ်ဆေးဆောင်ရွက်ခွင့်ပြုခြင်း၊

(ဋ) ကျောင်းသားတစ်ဦးချင်းအလိုက် အရည်အချင်းမှတ်တမ်းချုပ်တစ်ခုစီနှင့် ကျောင်းဝင်၊ ကျောင်းထွက်၊ ကျောင်းပြောင်းစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျထားရှိခြင်း၊

(ဌ) ကျောင်းသားတစ်ဦးချင်း၏ အသက်၊ မွေးသက္ကရာဇ်ကို ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ စိစစ်ထားရှိခြင်း၊

(ဍ) ကိုယ်ပိုင်ကျောင်း၏ ရသုံးငွေစာရင်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထားရှိစေခြင်း၊ ထိုစာရင်းများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများအား အချိန်မရွေး ကြည့်ရှုစစ်ဆေးခွင့်ပြုခြင်း၊

(ဎ) စာမေးပွဲများ မှန်မှန်ကျင်းပ၍ ကျောင်းသားများကို ပညာအရည်အချင်းအလျောက် အတန်းတင်၊ အတန်းခွဲပေးခြင်းနှင့် ကျောင်းပြောင်း၊ ကျောင်းထွက်လက်မှတ်များ ထုတ်ပေးခြင်း၊

(ဏ) ဘာသာရပ်အလိုက်သင်ကြားမည့် ကိုယ်ပိုင်ကျောင်းဆရာနှင့် သင်ကြားမှုအထောက်အကူပစ္စည်းများ လုံလောက်စွာ စီမံထားရှိ သင်ကြားခြင်းနှင့် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ညွှန်ကြားသည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ခြင်း၊

(တ) ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ တည်ထောင်ဖွင့်လှစ်သူ ပြောင်းလဲခြင်း သို့မဟုတ် ကိုယ်ပိုင်ကျောင်းအမည်ပြောင်းလဲခြင်း၊

(ထ) မိဘအုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိမှသာ ကျောင်းသား၏ အမည်ကို ပြောင်းလဲခြင်း သို့မဟုတ် ထပ်ဆောင်းအမည်ပေးခြင်း၊

(ဒ) သင့်လျော်သော ကျောင်းဝတ်စုံကို သတ်မှတ်ခြင်း၊ (ယင်းသို့ သတ်မှတ်ရာတွင် အခြားကိုယ်ပိုင်ကျောင်းများနှင့် ကွဲပြားစေရန် အလို့ငှာ ဝတ်စုံအရောင်ကို သတ်မှတ်ပေးနိုင်သည်။)

(ဓ) ဘာသာရေးဆိုင်ရာ သင်ခန်းစာများကို သင်ကြားပို့ချခွင့် မပြုခြင်း၊

(န) ကိုယ်ပိုင်ကျောင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ခြင်း။

## အခန်း(၄)
## ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း

၁၇။ (က) အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုပါက ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားရမည်-

(၁) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့ သို့မဟုတ် ပညာရေးဘွဲ့ရရှိသူ၊

(၂) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာ သို့မဟုတ် လက်မှတ်ရရှိသူ၊

(၃) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်းလက်မှတ် ရရှိသူ။

(ခ) ပုဒ်မခွဲ(က)ပါ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာ၊ လက်မှတ် သို့မဟုတ် ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်းလက်မှတ် မရရှိစေကာမူ ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် အခြေခံပညာကျောင်းတွင် ဆရာအဖြစ်ဖြစ်စေ၊ နိုင်ငံတော်မှခွင့်ပြုထားသည့် ဘာသာပြဆရာအဖြစ် ဖြစ်စေ ဆောင်ရွက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူသည် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားခွင့်ရှိသည်။

၁၈။ ပညာရေးအရာရှိသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၉။ ပညာရေးအရာရှိသည်-

(က) ပုဒ်မ ၁၈ အရ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာလျှောက်ထားသူအား ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင် လက်မှတ်ကို စည်းကမ်းချက်များနှင့်အတူ ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပေးသော ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်တွင် သင်ကြားခွင့်ပြုသည့်ဘာသာရပ်နှင့် အခြေခံပညာအဆင့်ကိုဖော်ပြရမည်။

၂၀။ ကိုယ်ပိုင်ကျောင်းဆရာသည် သက်ဆိုင်ရာပညာသင်နှစ်အတွက် သတ်မှတ်သည့် နှစ်စဉ်ကြေးကို သတ်မှတ်ချက်များနှင့်အညီပေးသွင်း၍ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် ဆက်လက်လုပ်ကိုင်နိုင်သည်။

၂၁။ ကိုယ်ပိုင်ကျောင်းဆရာသည် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

၂၂။ ပညာရေးအရာရှိသည် ကိုယ်ပိုင်ကျောင်းဆရာနှင့် သက်ဆိုင်သည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော ကိုယ်ပိုင်ကျောင်းဆရာအား သတိပေးခြင်းဖြစ်စေ၊ ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြစ်စေ ပြုနိုင်သည်။

## အခန်း(၅)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၂၃။ ပညာရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၆ ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော တည်ထောင်ဖွင့်လှစ်သူကို သတိပေးခြင်း သို့မဟုတ် ယင်း၏ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၄။ ပညာရေးဝန်ကြီးဌာနသည်-

(က) ကိုယ်ပိုင်ကျောင်းတစ်ကျောင်း၏ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းမပြုမီ မည်သည့်အကြောင်းကြောင့် ထိုကိုယ်ပိုင်ကျောင်း၏ မှတ်ပုံတင်လက်မှတ်ကို မပယ်ဖျက်သင့်ကြောင်း ရက်ပေါင်း ၃၀ အတွင်း ချေပလွှာတင်သွင်းနိုင်ရန် တည်ထောင်ဖွင့်လှစ်သူထံ အကြောင်းကြားစာ ပေးပို့ရမည်။

(ခ) ကျေနပ်ဖွယ်ရာ အကြောင်းပြချက်ဖြင့် ချေပခြင်းမပြုနိုင်သော တည်ထောင်ဖွင့်လှစ်သူ၏ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ရမည်။

၂၅။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ပယ်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၆။ ကိုယ်ပိုင်ကျောင်းဆရာနှင့်ပတ်သက်၍ ပညာရေးအရာရှိ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၆ အရ အယူခံမှုတွင် ပညာရေးအရာရှိ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၆)
## တားမြစ်ချက်များ

၂၈။ မည်သူမျှ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၂၉။ မည်သူမျှ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၃၀။ မည်သူမျှ သင်ကြားရမည့်ဘာသာရပ်နှင့် သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ အကြောင်းအရာများကို ကိုယ်ပိုင်ကျောင်းများတွင် ဟောပြောခြင်း သို့မဟုတ် ပို့ချခြင်းမပြုရ။

၃၁။ မည်သူမျှ-

(က) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန် ဖော်ပြခြင်းမပြုရ။

(ခ) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ပြောင်းလဲခြင်းမပြုရ။

(ဂ) ကိုယ်ပိုင်ကျောင်းနှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာခြင်း မပြုရ။

(ဃ) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို အခြားသူအား လွှဲပြောင်းသုံးစွဲခွင့်မပြုရ။

(င) ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပညာသင်နှစ်အတွင်း မိမိသဘောဆန္ဒအလျောက် ကိုယ်ပိုင်ကျောင်းကို အပြီးပိတ်သိမ်းခြင်း မပြုရ။

၃၂။ မည်သူမျှ-

(က) ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်းမပြုရ။

(ခ) ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ပါ အချက်အလက် တစ်ခုခုကို ပြင်ဆင်ပြောင်းလဲခြင်းမပြုရ။

(ဂ) ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ကို အခြားသူအား လွှဲပြောင်းသုံးစွဲခွင့် မပြုရ။

## အခန်း(၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ကျခံစေရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၃၀ နှင့် ၃၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ကျခံစေရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၉ နှင့် ၃၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၈)
## အထွေထွေ

၃၆။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်နိုင်ရန် ပုဒ်မ ၈၊ ပုဒ်မခွဲ (က)ပါ လိုအပ်ချက်နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာအခြေအနေပေါ်မူတည်ပြီး မူလတန်းသီးသန့်ဖြစ်စေ၊ အလယ်တန်းသီးသန့်ဖြစ်စေ၊ အထက်တန်းသီးသန့်ဖြစ်စေ ပိုင်းခြားဖွင့်လှစ်ခြင်းကို ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနက ခွင့်ပြုနိုင်သည်။

၃၇။ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ပညာရေးအရာရှိက တာဝန်ပေးအပ်သည့် မြို့နယ်ပညာရေးမှူးအဆင့်ထက် မနိမ့်သူသည် မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို သွားရောက်ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်း၊ ထိုကိုယ်ပိုင်ကျောင်းနှင့်သက်ဆိုင်သည့် အကြောင်းအရာတစ်ခုခုကို စုံစမ်းမေးမြန်းခြင်း သို့မဟုတ် သက်ဆိုင်ရာ စာတမ်းအမှတ်အသားများကို တောင်းယူကြည့်ရှုခြင်း ပြုလုပ်နိုင်သည့်ပြင် ထိုသို့ပြုလုပ်ရန်အလို့ငှာ မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို ဝင်ရောက်နိုင်သည်။

၃၈။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ပညာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ရယူပြီး သက်ဆိုင်ရာပညာရေးအရာရှိက ပညာရေးဝန်ကြီးဌာနကိုယ်စား တရားစွဲဆိုရမည်။

၄၀။ ဤဥပဒေအရသော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုအရသော်လည်းကောင်း သဘောရိုးဖြင့်ပြုသည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့်ကိစ္စအတွက် မည်သူ့ကိုမျှ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၄၁။ တည်ထောင်ဖွင့်လှစ်သူက လည်းကောင်း၊ ကိုယ်ပိုင်ကျောင်းဆရာက လည်းကောင်း ပေးသွင်းရမည့် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေတို့သည် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်းဖြစ်သည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ပညာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ခ) ပညာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မသန်စွမ်းသူဆိုပေမယ့် မစွမ်းဆောင်နိုင်သူမဟုတ်ပါ

## ကြည်ထွန်း (လူမှုဝန်ထမ်း)

ကမ္ဘာ့လူသားတိုင်းသည် မည်သည့်အသက်အရွယ်တွင်မဆို အချိန်တိုင်း နေရာတိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းမှုဖြစ်ခြင်းနှင့် ကြုံတွေ့နိုင်ကြပေသည်။ သို့ဖြစ်၍ မသန်စွမ်းမှု (သို့မဟုတ်) မသန်စွမ်းဖြစ်ခြင်းနှင့် စပ်လျဉ်းသည်များကို လူသားတိုင်း လေ့လာသိရှိနားလည်ထားသင့်သည်။ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသော မသန်စွမ်းသူများအရေးသည် တစ်ကမ္ဘာလုံးက အထူးအာရုံစိုက် အလေးထားသည့် ကိစ္စတစ်ရပ်ဖြစ်လာသည်။ သို့ဖြစ်၍ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့" (International Day of Persons with Disabilities) ဟု ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကာ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်မပျက် ကျင်းပခဲ့သည်မှာ (၁၈)နှစ်မြောက်ကာလသို့ ရောက်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ချမှတ်ပေးသော ဦးတည်ချက်မှာ "ဖွံ့ဖြိုးရေးလုပ်ငန်းတိုင်းမှာ မသန်စွမ်းသူများနှင့်အတူ လက်တွဲဆောင်ရွက်ပါ၊ အားလုံးအတွက် ပိုမိုကောင်းမွန်သောကမ္ဘာ" (Together for a better world for all:Including persons with disabilities in development) ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံလည်းဖြစ်၊ အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံလည်းဖြစ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်သော မြန်မာနိုင်ငံသည် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အဓိကလူမှုဝန်ထမ်းလုပ်ငန်းကြီးတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ အာရှနှင့် ပစိဖိတ်ဒေသရှိ မသန်စွမ်းသူများအတွက် ပေါင်းစည်းသော၊ အတားအဆီးကင်းသော၊ အခွင့်အရေးများကို အခြေခံသော လူ့အဖွဲ့အစည်းတစ်ရပ်သို့ ရှေးရှုသည့် ဘီဝါကို ထောင်စုနှစ်ရှေ့လုပ်ငန်းစဉ်များကို ဖော်ဆောင်လျက်ရှိသည်။ ထို့အပြင် ဘီဝါကို အပေါင်းငါးလုပ်ငန်းစဉ်၊ အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍမြင့်မားရေးဆိုင်ရာ ဘာလီကြေညာချက်၊ အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ် (၂၀၁၁-၂၀၂၀)ကိုလည်း ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မြန်မာနိုင်ငံသား လူ့စွမ်းအားအရင်းအမြစ်များကို အပြည့်အဝအသုံးချရေးမှာ အဓိကကျလှသည်။ လူမှုဝန်ထမ်းဦးစီးဌာနက အမြင်အာရုံချို့ယွင်းသူတို့အတွက် ရန်ကုန်-ကြည့်မြင်တိုင်နှင့် စစ်ကိုင်းမြို့တို့တွင် မျက်မမြင်ကျောင်းများကိုလည်းကောင်း၊ အကြားအာရုံချို့ယွင်းသူတို့အတွက် မန္တလေး နားမကြားသောကလေးများကျောင်းကိုလည်းကောင်း ဖွင့်လှစ်ထားသည်။ ကိုယ်အင်္ဂါမသန်စွမ်းသူတို့အတွက်ကိုမူ ရန်ကုန်-မရမ်းကုန်းမြို့နယ်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့ဖွင့်လှစ်ကာ မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ဖွင့်လှစ်သော ရန်ကုန်-ခဝဲခြံ မျက်မမြင်ကျောင်း၊ ပခုက္ကူမျက်မမြင်ကျောင်း၊ ပြင်ဦးလွင် မျက်မမြင်ကျောင်း၊ မိတ္ထီလာ ရှေ့ဆောင်မျက်မမြင်ကျောင်း၊ မြစ်ကြီးနား မျက်မမြင်ကျောင်း၊ ရန်ကုန်-မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းတို့သည် "မျက်စိအဆုံး၊ နားအရှုံး" ဟူသော ရှေးဆိုထုံးကို တွန်းလှန်ဖယ်ရှားနိုင်အောင် အားထုတ်ကြိုးပမ်းရာဌာနများ ဖြစ်ကြသည်။ အင်းစိန်-ဖော့ကန်ရှိ ဧဒင် မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံနှင့် တောင်ကြီး ဘုရားဖြူ မသန်စွမ်းဂေဟာတို့ကလည်း မသန်စွမ်းသော ကလေးများနှင့် ဉာဏ်ရည်နိမ့်သောကလေးများ ခန္ဓာသန်စွမ်းစိတ်ရွှင်လန်းအောင် ပြုစုပျိုးထောင်ပေးလျက်ရှိကြသည်။

၂၀၀၆ ခုနှစ်မှ စ၍ မျက်မမြင်ကျောင်းအချို့တွင် မျက်မမြင်သုံး e-mail, Internet ကို စတင်တပ်ဆင် အသုံးပြုနိုင်ခဲ့သည်။ ဤသို့ ခေတ်မီနည်းပညာများ သုံးစွဲနိုင်မှုကြောင့် ကမ္ဘာတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသော သတင်းအချက်အလက်နှင့် နည်းပညာများကို သိရှိရခြင်း၊ ကမ္ဘာအရပ်ရပ်ရှိ ဘဝတူ မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ အတွေ့အကြုံများ ဖလှယ်နိုင်ခြင်းစသော အကျိုးကျေးဇူးများစွာ ရရှိကြသည်မှာ ဝမ်းမြောက်ကြည်နူးဖွယ် ကောင်းလှသည်။

ထို့အတူ ၂၀၀၇ ခုနှစ်တွင် မန္တလေး နားမကြားသောကလေးများကျောင်းက "လက်သင်္ကေတပြအဘိဓာန်" (Myanmar sign Language Dictionary) စာအုပ်ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် မြန်မာလက်သင်္ကေတပြ အခြေခံစကားပြောစာအုပ်ကိုလည်းကောင်း ပြုစုထုတ်ဝေနိုင်ခဲ့သည်။ တစ်နည်းအားဖြင့် နားမကြားသူများ လူမှုအသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာရှိရှိဖြင့် ပါဝင်စွမ်းဆောင်နိုင်အောင် မြှင့်တင်ပေးလိုက်ခြင်းပင်ဖြစ်သည်။

"လူတိုင်းအတွက်ပညာရေး" (Education for All Project)ကို အကောင်အထည်ဖော်လျက်ရှိသော မျက်မှောက်ကာလတွင် မသန်စွမ်းကလေးများအတွက် ပညာသင်ယူမှုအထူးအစီအစဉ်၊ ၎င်းတို့အတွက် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းထုတ်လုပ်ခြင်းအစီအစဉ်၊ ပညာရေးကောလိပ် ဆရာအတတ်သင်ပညာရေးသင်ရိုးတွင် ထည့်သွင်းမှုအစီအစဉ်များကို ပညာရေးဝန်ကြီးဌာနက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖော်ဆောင်ပေးလျက်ရှိသည်။ လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ် (Inclusive Education)ကြောင့် မျက်စိမမြင်သော၊ နားမကြားသော၊ ကိုယ်အင်္ဂါမသန်စွမ်းသောကလေးများသည် သန်စွမ်းသောကလေးများနည်းတူ အခြေခံပညာကျောင်းများတွင် စာပေပညာ သင်ကြားလျက်ရှိကြသည်။ မသန်စွမ်းသင်တန်းကျောင်းအသီးသီး၌ နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ပေါ်ထွန်းလာသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မျက်မမြင်သင်တန်းကျောင်းများက ၁၄ ဦးအောင်မြင်ခဲ့ရာ ယင်းတို့အနက် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးပါရှိသည်။ အဆိုပါအောင်မြင်မှုသည် လူတိုင်းအကျုံးဝင်ပညာရေး၏ အကျိုးရလဒ်ဖြစ်သကဲ့သို့ မမြင်သော်လည်း စွမ်းကြသည့်ပြယုဂ်တစ်ခုပင် ဖြစ်သည်။

နှစ်စဉ်အောက်တိုဘာလ ၁၅ ရက်နေ့သည် "နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့" (International white cane Day) ဖြစ်သည်။ ၁၉၉၂ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသော ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲများတွင် မျက်မမြင်များ ရာချီပါဝင်ပြီး ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်ကို ဖော်ကျူးပြသကြသည်။ ၂၀၁၁ ခုနှစ် မျက်မမြင်လမ်းလျှောက်ပွဲတွင် မျက်မမြင်ကျောင်းများနှင့် မျက်မမြင်အဖွဲ့အစည်းများမှ ၈၅၄ ဦး ပါဝင်ဆင်နွှဲခဲ့သည်။ ထို့အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မျက်မမြင်လမ်းလျှောက်ပွဲတွင်လည်း မျက်မမြင် ၂၇၉ ဦး ပါဝင်ဆင်နွှဲခဲ့ကြသည်။ လမ်းတစ်လျှောက်ရှိ မိဘပြည်သူများကလည်း သောင်းသောင်းဖြဖြ အားပေးလျှုဒါန်းကြသည်။ အဆိုပါ လှုပ်ရှားမှုသည် မသန်စွမ်းသူတို့၏ ဂုဏ်သိက္ခာကို ပေါ်လွင်မြင့်မားစေသည်သာမက ပြည်သူအများ၏ အားပေးမှု၊ ကူညီမှု၊ စောင့်ရှောက်မှုတို့ကို ပိုမိုရရှိစေပေသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်က မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ ထူးချွန်ထက်မြက်သော မသန်စွမ်းအားကစားသမားများကို ဒေသအဆင့်မှသည် ကမ္ဘာအဆင့်သို့တိုင် တက်လှမ်းယှဉ်ပြိုင်နိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ ၂၀၁၁ ခုနှစ် (၂၃)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားအသင်း ၁၇ သင်းမှ အားကစားသမား ၄၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဂရိနိုင်ငံ အေသင်မြို့တွင် ၂၀၁၁ ခုနှစ် ဇွန်လအတွင်းက ကျင်းပသော ကမ္ဘာ့ဉာဏ်ရည်မမီသူများ နွေရာသီအားကစားပြိုင်ပွဲ (Special Olympic for world summer Games)တွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ခုနစ်ခု ဆွတ်ခူးရရှိခဲ့သည်မှာ အားရကျေနပ်ဖွယ် ကောင်းလှသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရေးကော်မတီက ကြီးမှူး၍ မသန်စွမ်းမှုအမျိုးအစားအလိုက် အကြိုလှုပ်ရှားမှု စွမ်းရည်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးသည်။ ကိုယ်အင်္ဂါမသန်စွမ်းသူများက ဆံသပြိုင်ပွဲ၊ ပိုးဇာပုံနှိပ်ပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲနှင့် စက်ချုပ်ပြိုင်ပွဲများတွင်လည်းကောင်း၊ မျက်မမြင်များက ပန်းချီပြိုင်ပွဲ၊ ကြိမ်ထိုးပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲနှင့် ကွန်ပျူတာပြိုင်ပွဲများတွင်လည်းကောင်း၊နားမကြားသူများက အကပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စက်ချုပ်ပြိုင်ပွဲများတွင်လည်းကောင်း၊ ဉာဏ်ရည်မမီသောကလေးများက ပန်းချီပြိုင်ပွဲ၊ အကပြိုင်ပွဲများတွင်လည်းကောင်း တပျော်တပါး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအသီးသီးတွင် အားကြိုးမာန်တက်လေ့ကျင့်ပြင်ဆင် ပြိုင်ပွဲဝင်ကြသော မသန်စွမ်းသူတို့၏ အားမာန်နှင့်သတ္တိကို လေးစားဂုဏ်ယူဖွယ် တွေ့မြင်နိုင်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)တွင် 'နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှအခွင့်ရေး၊ လွတ်လပ်မှုအခွင့်ရေး၊ တရားမျှတမှုအခွင့်ရေးတို့ ခံစားခွင့်ရှိသည်'ဟု ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်သည် မသန်စွမ်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံး ဂုဏ်သိက္ခာနှင့် တရားမျှတမှုရရှိစေသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ ထို့အပြင် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)၌ "နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်"ဟု ပြဋ္ဌာန်းပါရှိသည်။ ဤပြဋ္ဌာန်းချက်ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းလက်တွဲ၍ မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

ကုလသမဂ္ဂအဖွဲ့ကြီးက ၂၁ ရာစုတွင် ပိုမိုကောင်းမွန်သော၊ ပိုမိုသာယာဝပြောသော၊ ငြိမ်းချမ်းသောကမ္ဘာကြီး တည်ဆောက်နိုင်ရန် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို ချမှတ်ထားသည်။ ပို၍ ကောင်းမွန်သောကမ္ဘာကြီး တည်ဆောက်ရန်၊ မည်သူမျှ ချန်လှပ်ထားခြင်းမခံရစေရန်၊ အဆင်းရဲဆုံး၊ အားအနွဲ့ဆုံးသူများအတွက် ကမ္ဘာ့ငြိမ်းချမ်းရေး၊ လူမှုဘဝတရားမျှတရေးတို့ ခံစားရရှိရေးကို ရပ်တည်ပေးရန်၊ ကမ္ဘာ့လူသားအားလုံး၏ အကျိုးအတွက် သန်းခုနစ်ထောင်အားဖြင့် စည်းလုံးညီညွတ်မှုပြုကြစို့ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ သဝဏ်လွှာတွင် တိုက်တွန်းနှိုးဆော်ထားပေသည်။

စင်စစ် ကိုယ်အင်္ဂါချို့ယွင်းမှုတစ်ခုခုကြောင့် မသန်စွမ်းသူဘဝသို့ ရောက်ရှိရသူတို့မှာ မစွမ်းဆောင်နိုင်သူများ မဟုတ်ကြပေ။ ၂၁ ရာစုသည် ပညာရာစု ဖြစ်သကဲ့သို့ ပညာခေတ်လည်း ဖြစ်သည်။ လူသားတစ်ဦး၏ စွမ်းဆောင်ရည်ကို အသုံးချနိုင်သော လွယ်ကူသည့် နည်းလမ်းမျိုးစုံလည်း ရှိလာပြီဖြစ်သည်။ မသန်စွမ်းသူတို့တွင် ရှိသော ကာယ၊ ဉာဏစွမ်းဆောင်ရည်များကို ပြည့်ဝစွာ အသုံးချစေခြင်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ သို့ဖြစ်၍ မသန်စွမ်းသူများ၊ မိသားစုဝင်များ၊ ကျွမ်းကျင်သူပညာရှင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များအားလုံး အတူတကွ ပူးပေါင်းလက်တွဲ၍ မသန်စွမ်းသူတို့ ဘဝဖွံ့ဖြိုးလှပရေးကို ဝိုင်းဝန်းဖန်တီးပေးကြရမည်သာ ဖြစ်ပါသည်။ ။

# သုံးဘီးနှင့်စက်ဘီးအသုံးပြု မသန်စွမ်းသူများစွမ်းရည်ပြ ရန်ကုန်မှ နေပြည်တော်၊ မန္တလေးမှ နေပြည်တော်သို့ ခရီးနှင်

နေပြည်တော် ဒီဇင်ဘာ ၃

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စည်ပင်ဧည့်ရိပ်သာ၌ ရန်ကုန်နှင့်မန္တလေးတို့မှ သုံးဘီး Wheel Chair နှင့် စက်ဘီးများကို အသုံးပြု၍ စွမ်းရည်ပြခရီးနှင်လာသော မသန်စွမ်းသူများအား ဂုဏ်ပြုအားပေး ကြိုဆိုခဲ့သည်။** (အောက်ယာပုံ)



အဆိုပါ မသန်စွမ်းသူများသည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)အဖွဲ့ကကြီးမှူး၍ မသန်စွမ်းသူများ၏စွမ်းရည်ပြ အစီအစဉ်တစ်ရပ်အနေဖြင့် သုံးဘီး Wheel Chair အသုံးပြုသူ ၁၀ ဦးနှင့် စက်ဘီးအသုံးပြုသူတစ်ဦး စုစုပေါင်း ၁၁ ဦးတို့သည် နိုဝင်ဘာ ၂၅ ရက်မှစတင်၍ ရန်ကုန်မှ နေပြည်တော်သို့ ၂၄၂ မိုင်ခရီးကို ရှစ်ညအိပ် ကိုးရက်ဖြင့်လည်းကောင်း၊ သုံးဘီး Wheel Chair အသုံးပြုသူ ကိုးဦး၊ စက်ဘီးအသုံးပြုသူတစ်ဦး စုစုပေါင်း ၁၀ ဦး တို့သည် နိုဝင်ဘာ ၂၆ ရက်မှစတင်၍ မန္တလေးမှ နေပြည်တော်သို့ ၂၂၂ မိုင်ခရီးကို ခုနစ်ညအိပ် ရှစ်ရက် ခရီးဖြင့်လည်းကောင်း အသီးသီးစွမ်းရည်ပြ ချီတက်ခဲ့ကြခြင်းဖြစ်သည်။ လမ်းတစ်လျှောက် ရပ်နားရာနေရာများတွင် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)က မသန်စွမ်းသူများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပြီး နေပြည်တော်ဇမ္ဗူသီရိမြို့နယ် စည်ပင်ဧည့်ရိပ်သာသို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ဒေသခံ ပြည်သူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။

ယင်းနောက် စည်ပင်ဧည့်ရိပ်သာ ခန်းမ၌ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက မသန်စွမ်းသူများ သုံးဘီး Wheel Chair နှင့် စက်ဘီးများကို အသုံးပြု၍ ရန်ကုန်နှင့် မန္တလေးတို့မှ နေပြည်တော်သို့ စွမ်းရည်ပြခရီးထွက်ရှိလာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ချီးကျူးအားပေးစကား ပြောကြားကာ စွမ်းရည်ပြ မသန်စွမ်း အဖွဲ့ခေါင်းဆောင် ဦးထိန်လင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမျိုးသားသတင်းဆုချီးမြှင့်ရေး စိစစ်အကဲဖြတ်နေ ဆန်ခါတင်စာရင်း ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်း ထုတ်ပြန်မည်

**ရန်ကုန် ဒီဇင်ဘာ ၃**

အမျိုးသားသတင်းဆုကော်မတီသည် လာမည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် ဆန်ခါတင်စာရင်းကို အသိပေးကြေညာသွားမည် ဖြစ်ပြီး ဆုပေးပွဲ အခမ်းအနားကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပရန် စီစဉ်ထားသည်။

ယင်းသို့ချီးမြှင့်ရန်အတွက် ဆုငါးမျိုး သတ်မှတ်ထားရာ အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံး အာဘော်ဆောင်းပါးဆု၊ အကောင်းဆုံး သတင်းဆောင်းပါးဆု၊ အကောင်းဆုံးသတင်းဓာတ်ပုံဆု၊ အကောင်းဆုံး သတင်းကာတွန်းဆုများကို ကျပ် ၁၀ သိန်းစီ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

အမျိုးသားသတင်းဆုကော်မတီသည် ဆုချီးမြှင့်နိုင်ရန် လိုဂို (Logo)နှင့် ဆုရုပ်တုပြိုင်ပွဲကိုလည်း ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ကြေညာထားရာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ အမျိုးသားသတင်းဆုကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် ရန်ကုန်မြို့ ဖုန်း -၂၅၂၄၁၇ သို့ ပေးပို့ကြရန် နှိုးဆော်ထားသည်။

ထိုသို့ အမျိုးသားသတင်းဆု ငါးမျိုးကို စနစ်တကျ ရွေးချယ်အကဲဖြတ်နိုင်ရန်အတွက် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ၏ အယ်ဒီတာချုပ်များ၊ တာဝန်ခံအယ်ဒီတာများအား ၎င်းတို့စာနယ်ဇင်းများ၌ ပုံနှိပ်ဖော်ပြခဲ့ပြီးသော သတင်း၊ ဆောင်းပါး၊ အာဘော်၊ ဓာတ်ပုံ၊ ကာတွန်းများအနက် ဦးစားပေးအစီအစဉ်အလိုက် သုံးပုဒ်စီကို ကော်မတီသို့ ပေးပို့ကူညီကြရန် မေတ္တာရပ်ခံအကြောင်းကြားထားသည်။ (ကြေးမုံ)

# စက်မှုလက်မှု အထက(၁) မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စက်မှုလက်မှု အထက(၁) (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် (Royal Garden Restaurant) ဗိုလ်ချုပ်ပန်းခြံကန်တော်ကြီး ဗဟန်း(ယခင်စက်မှုလက်မှု အထက(၁) ကျောင်းရှေ့)၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်တို့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။**

အခမ်းအနားသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သည့် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆



**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

# ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် RCSS/ SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် RCSS/SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ပဏာမသဘောတူညီချက်လက်မှတ်ရေးထိုးပွဲကို ဒီဇင်ဘာ ၂ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းမြင့်၊ ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ RCSS/SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဦးစိုင်းလူ၊ ရှမ်းပြည်တပ်မတော်မှ ဦးဆောင်သည့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**



ဆက်လက်၍ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းမြင့်တို့၏ ရှေ့မှောက်၌ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေး **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

**ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် RCSS/SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးပွဲ၌ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အောင်သူနှင့် RCSS/SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်တပ်မတော်မှ ဦးစိုင်းလူတို့ ပဏာမသဘောတူညီမှုစာချုပ်အား အပြန်အလှန်လဲလှယ်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)